# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နောင်တရားဒေသ၌ ဥယျာဉ်ခြံစိုက်ပျိုးသည့် တောင်သူများ ကော်ဖီစိုက်ပျိုးမှုကို စိတ်ဝင်စားလာ

**နောင်တရား ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများ၌ ဥယျာဉ်ခြံစိုက်ပျိုးသည့် တောင်သူများ ကော်ဖီစိုက်ပျိုးခြင်းကို စိတ်ဝင်စားလာကြကြောင်း ဥယျာဉ်ခြံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

"နောင်တရား ဒေသမှာ ထောပတ်ဥယျာဉ်ခြံ၊ လိမ္မော်ခြံ၊ ဆန်းကစ်သီး၊ သစ်တော်သီး စတဲ့ သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ လိမ္မော်ခြံနဲ့ ဆန်းကစ်သီးခြံတွေမှာ


စာမျက်နှာ ၃ ကော်လံ ၂ ❐


# ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသိန်းခန့်တင်ပို့ရန်ရည်မှန်းထား

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသိန်းခန့် တင်ပို့ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူက ပြောကြားသည်။

"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ သုံးသိန်းလောက် ပြည်ပတင်ပို့ဖို့ မှန်းထားပါတယ်။ အရင်နှစ်က တန်ချိန်တစ်သိန်းကျော်ပဲ ပို့နိုင်ခဲ့တယ်။ မြန်မာနိုင်ငံက တန်ချိန် လေးသိန်းလောက်ထွက်တယ်။ ပြီးခဲ့တဲ့နှစ်က မပို့နိုင်တာက ငွေကြေးမူဝါဒကြောင့် ရော်ဘာ Exporter တွေက အရှုံးမှာကျနေတယ်။ တစ်တန်ကို ရှစ်သိန်းလောက်ကနေ ၁၀ သိန်းလောက်ရှုံးနေတဲ့အတွက် မတင်ပို့နိုင်တာ။ အခုတော့အစိုးရကနေ ဖြေလျှော့ပေးပြီးတော့ ဓာတ်မြေဩဇာတင်သွင်းခွင့် ပေးတဲ့အတွက်ကြောင့် Exporter တွေက လုပ်သာကိုင်သာရှိတဲ့ ဈေးနှုန်းလေး ရောက်လာလို့ ပို့နိုင်တာပေါ့"ဟု ၎င်းကဆိုသည်။

ရော်ဘာတင်ပို့မှုအနေဖြင့် ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့နေပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန် စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်းလည်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


## ယနေ့ သတင်းအညွှန်း


ကြက်သွန်နီဈေးကျနေပြီး ဈေးကွက်မငြိမ်သေး သည့်အခြေအနေတွင် ရှိနေ — ပြည်တွင်းသတင်း စာ ၂

အွန်လိုင်းစနစ်ဖြင့် ရွှေတစ်ရွေးမှစ၍ တစ်ကျပ်သားအထိ စတင်ရောင်းချပေးနေ — ပြည်တွင်းသတင်း စာ ၄

တို့ဘိုးဘွားများရဲ့အမွေ အဖိုးတန်မြေ — ဆောင်းပါး စာ ၆





# လူငယ်နှင့် အမျိုးသားနိုင်ငံရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသော လူမှုရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းခန့်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်သည်ဟု သိရသည်။

နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအမြစ်များဖြစ်ရာ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြင့်မားရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ပြုလုပ်ပြီး ပြုစုပျိုးထောင်ပေးခြင်းဖြင့် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များအဖြစ် နိုင်ငံကို အကျိုးပြုလာနိုင်မည်ဖြစ်သည်။ ယခုအခါ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိရာတွင် လူငယ်တစ်ဦးချင်းစီ၌ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂတည်းဟူသော ဗလငါးတန် အင်အားငါးရပ် ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဤတွင် နိုင်ငံ၏အနာဂတ်ကို ပုံဖော်ဖန်တီးသူများ ဖြစ်လာကြမည့် လူငယ်များကို ၎င်းတို့၏ အသက်အရွယ်နှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းတို့နှင့် ကိုက်ညီပြီး တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံရေးအသိအမြင်များကိုလည်း မှန်မှန်ကန်ကန် ပေးအပ်၍ လေ့ကျင့်ပျိုးထောင်ပေးသွားရန်လည်း လိုအပ်မည်ဖြစ်သည်။

"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးအရ ခေတ်မီရေး (political modernization) သည် များစွာအရေးပါလှသည်။ နိုင်ငံရေးအရ ခေတ်မီရေး၏ အခြေခံလိုအပ်ချက်မှာ ပြည်သူတို့၏ မှန်ကန်သော ဆန္ဒသဘောထားဖော်ပြချက်များကို လက်တွေ့လုပ်ငန်းများအဖြစ် ပြောင်းလဲပေးနိုင်သည့် နိုင်ငံရေးယန္တရား (political mechanism) သက်ဝင်လှုပ်ရှားလာရေးပင်ဖြစ်သည်။ နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူတို့၏ ပါဝင်မှုကို အဆင့်အတန်းတိုးတက်မြင့်မားအောင် အစိုးရများက အမြဲကြိုးပမ်းနေရမည်။ ယင်းသို့ကြိုးပမ်းရာတွင် အစိုးရနှင့် ပြည်သူတို့အကြား အပြန်အလှန် နားလည်မှုနှင့် တာဝန်ရှိမှု (mutual understanding and responsibility) ဟူသော အမြင်များ တိုးတက်မြင့်မားရေးပေါ်တွင်သာ အခြေခံ၍ ဆောင်ရွက်ရမည်။ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရနှင့် ပြည်သူတို့၏ နိုင်ငံရေးရင့်ကျက်မှု (political maturation) သည် မရှိလျှင် မဖြစ်သော အခြေအနေတစ်ရပ်ဖြစ်သည်။ " ဟူ၍ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦး၏ အဆိုရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် လိုအပ်သည့် နိုင်ငံရေးရင့်ကျက်မှု ရရှိနိုင်ရန် လူငယ်ဘဝကပင် နိုင်ငံရေးပျိုးထောင်မှု (political culture) ကို မှန်ကန်စွာ ပြုလုပ်ပေးရမည်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ထူးခြားသည့် ပထဝီနိုင်ငံရေး (Geopolitic) ၊ အမျိုးသားအကျိုးစီးပွား (National Interest) စသည်တို့ကိုလည်းကောင်း၊ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးဟူသည့် နိုင်ငံ့အင်အားများ မဖြစ်မနေတည်ဆောက်ရသည်ကို လည်းကောင်း၊ တိုင်းရင်းသား လူမျိုးများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံ တစ်နိုင်ငံအနေဖြင့် တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်စွာ အေးအတူပူအမျှ နေထိုင်ကြရေးသည် အသက်တမျှ အရေးကြီးသည်ကိုလည်းကောင်း လူငယ်တို့၏ အရွယ်နှင့် ပညာအခြေခံအလိုက် အသိပညာပေးလေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်ပေးခြင်းဖြင့် အမျိုးသားနိုင်ငံရေး အရည်အသွေး မြင့်မားသူများအဖြစ် နိုင်ငံ့အနာဂတ်ကို အကျိုးပြုလာနိုင်ကြမည်ဖြစ်သည်။ ၎င်းတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု အရည်အသွေးများဖြင့် နိုင်ငံကို အလုပ်အကျွေးပြုရာတွင်လည်း သာမန်အားထုတ်မှုမျိုး မဟုတ်ဘဲ တက်ကြွလှုပ်ရှားသော အင်အားစု (Dynamic forces) များအဖြစ် အားသွန်ကြိုးပမ်းထမ်းဆောင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။



## ဦးအောင်ကို အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## အခြေခံပညာအထက်တန်းကျောင်း အ.ထ.က (ဆုံဆည်းမြိုင်) ၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**စုကလိ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့ မဲကုလားအုပ်စု ဆုံဆည်းမြိုင် အထူးဒေသ ဆုံဆည်းမြိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က အဆိုပါကျောင်းဝင်းအတွင်း ကျင်းပသည်။



ရှေးဦးစွာ ပညာရေးမိသားစုစုံညီပွဲတော်ကို ဒီမိုကရေစီ ကရင့်အကျိုးပြုတပ်မတော်မှ ဗိုလ်မှူးကြီး စောဖားပလဲ့၊ အခြေခံပညာအထက်တန်းကျောင်း (ဆုံဆည်းမြိုင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ချို၊ ဒီမိုကရေစီ ကရင့်အကျိုးပြုတပ်မတော်မှ ဗိုလ်ကြီး ဇော်ထွန်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဆန်းမင်းဦး၊ ဝါးမီးထကျေးရွာမှ ကျောင်းအကျိုးတော်ဆောင် ဦးဝင်းလှိုင်တို့က မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုပြီး ဒီမိုကရေစီ ကရင့်အကျိုးပြု တပ်မတော်မှ ဗိုလ်မှူးစောဖားပလဲ့က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ချိုက ပွဲတော်ကျင်းပရခြင်း အကြောင်းအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ပညာရေးအားကစား ဘက်စုံထူးချွန်သူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ပိုပိုအောင် (စုကလိ)**

## သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေး ဟောပြောပြီး အခမဲ့ကုသပေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေး ပညာဌာနမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားများ၊ သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန် ၁၄ ဦး ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရာဇဗြိုဟ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ ၁၇၀ အား သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြောပြီး ၃၅၈ ဦးအား သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေး၍ သွားနှင့်ခံတွင်း ဝေဒနာရှင် ကျောင်းသားကျောင်းသူ ၉၈ ဦးကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**



## ကျောက်တန်းဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်တန်း ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်း၊ သန်လျင်ခရိုင် ဦးစီးမှူးနှင့်အဖွဲ့သည် ယနေ့နံနက်က ကျောက်တန်းမြို့နယ် ကန်ပြောင်စံပြကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

RBF စီမံကိန်းဖြင့် CP ဝက်မွေးမြူရေး၊ ရွက်သစ်နုဝေကုမ္ပဏီက တိုင်းအစိုးရရန်ပုံငွေဖြင့်ဆောင်ရွက်ပြီးသော ကျေးရွာရေအုတ်မြောင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ၊ ပါဒကြီးကျေးရွာရှိ ကုန်ထုတ်မြေသားလမ်းခင်းခြင်းလုပ်ငန်း၊ ကျောက်တန်းမြို့နယ်ကျေးလက်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော စင်မြင့်ရေစင်နှင့် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်း၊ Smsrt Village စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခြင်းလုပ်ငန်းများကို စစ်ဆေးခဲ့ပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီမှ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ဖိုးတင်**

## ကြက်သွန်နီဈေး ကျနေပြီး ဈေးကွက်မငြိမ်သေးသည့် အခြေအနေတွင်ရှိနေ

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံတွင် စားသုံးသူ များပြားပြီး ဟင်းလျာတွင် အများဆုံး ထည့်သွင်းချက်ပြုတ်လေ့ရှိသည့် ကြက်သွန်နီမှာ လက်ရှိတွင် ဈေးကျနေပြီး ဈေးကွက် မငြိမ်သေးသည့် အခြေအနေတွင် ရှိနေကြောင်း ကြက်သွန်နီရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

"ကြက်သွန်နီက အခုရက်တော့ ဈေးတွေကျနေတယ်။ ဈေးတွေက အခုရွာမှာဆိုရင် ကျပ် ၂၀၀၀ ဝန်းကျင်ပဲ ရှိတော့တယ်။ တောဈေးပေါ့။ မြို့တွေပြန်ရောင်းတာ အလွန်ဆုံးရ ၂၇၀၀ ပေါ့။ ပြောရမယ်ဆိုရင်ဈေးကွက်ကတော့မငြိမ်ဘူး" ဟုကြက်သွန်နီရောင်းဝယ်ရေး လုပ်ကိုင်သည့် ကုန်သည်တစ်ဦးကပြောသည်။ ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ပြီး ဈေးနှုန်းတက်လာမှုများ မရှိနိုင်သေးကြောင်းလည်း သိရသည်။

"အရင် ကျပ် ၂၆၀၀ နဲ့ မိထားရာကနေပြီးတော့ အခုရွာဈေး ၂၀၀၀ ဆိုတော့ ၆၀၀ လောက်ကျတယ်။ ဈေးကျတာ တစ်ပတ်လောက်ရှိနေပြီ။ ညီမကတော့ ဆက်ပြီးကျဖို့ မြင်တယ်။ လမ်းကြောင်းအခြေအနေကြောင့် ညီမတို့ဆီ ကြက်သွန်တွေက များလာတယ်။ ဆက်တက်ဖို့တော့ မမြင်သေးဘူး" ဟု ကြက်သွန်နီ ရောင်းဝယ်ရေး ကုန်သည်တစ်ဦးက သုံးသပ်ပြောဆိုသည်။

လက်ရှိတွင် ကြက်သွန်နီနီ မြစ်သားအသေး တစ်ပိဿာကို ကျပ် ၂၇၀၀၊ အလတ်တစ်ပိဿာကို ကျပ် ၃၂၀၀၊ အကြီးတစ်ပိဿာကို ကျပ် ၃၃၀၀၊ ပွန်ရေရာတစ်ပိဿာကို ကျပ် ၂၇၀၀၊ မြင်းခြံကြက်သွန်နီ အသေးတစ်ပိဿာကို ကျပ် ၂၂၀၀၊အလတ်တစ်ပိဿာကို ကျပ် ၂၅၀၀ ပေါက်ဈေး ဖြစ်နေကြောင်း စုပါကြက်သွန်ရောင်းဝယ်ရေးမှ သိရသည်။

**သစ်တော်**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr.Vinay Kumar ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံဘက်မှ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံဘက်မှ ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ရမည့် အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများ Implementation Plan နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟို လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရခိုင် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိ သူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက Online၊ Offline ဖြင့် ပါဝင်တက်ရောက်ကြသည်။

**ညှိနှိုင်းပေါင်းစပ်**

အစည်းအဝေးတွင် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟို လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စု ဝန်ကြီးက ကျောက်ဖြူအထူး စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော် ရေးအတွက် မြန်မာနိုင်ငံဘက်မှ ကြိုတင်ဖြည့်ဆည်း ဆောင်ရွက် ရမည့် စီမံကိန်းအထောက်အကူပြု အခြေခံ အဆောက်အအုံများနှင့် ပတ်သက်၍ ဝန်ကြီးဌာနအလိုက် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို သတ်မှတ်ချိန် အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ် နိုင်ရေးအတွက် လိုအပ်သည်များ ကို မှာကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများ က ဝန်ကြီးဌာနအလိုက် ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

ရော်ဘာကိုမြန်မာနိုင်ငံတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ် အပါအဝင် တိုင်းဒေသကြီး နှင့်ပြည်နယ်များတွင် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုး ဧက ၁ သန်း ၆ သိန်း ၄ သောင်း၊ ထုတ်လုပ်မှုဧက ကိုးသိန်းခွဲခန့်ရှိသည်။

ရော်ဘာသည် မွန်ပြည်နယ်တွင် အများဆုံးထွက်ရှိကာ တနင်္သာရီတိုင်းဒေသကြီးမှ ဒုတိယအများဆုံး၊ ကရင်ပြည်နယ်မှ တတိယအများဆုံး ထွက်ရှိကြောင်း သိရသည်။

**MT**

❐ ရှေ့ဖုံးမှ

သီးညှပ်စိုက်ပျိုးလို့ရတဲ့ သီးနှံမရှိဘူး။ ထောပတ်ခြံမှာဆိုရင် ဝဥနဲ့ ကော်ဖီကို သီးညှပ်စိုက်လေ့ရှိတယ်။ ကော်ဖီကတော့ စမ်းသပ်စိုက်တာ သုံးလေးဦးလောက်ပဲ ရှိဦးမယ်။ သစ်တော်သီးဥယျာဉ်ခြံမှာတော့ ခရမ်းချဉ်၊ အာလူး၊ ငရုတ်နဲ့ တခြားသီးနှံတွေကိုလည်း သီးညှပ်စိုက်ပျိုး ဖြစ်ပါတယ်။ ဥယျာဉ်ခြံအဖြစ် ထောပတ်ကို အများဆုံး စိုက်ပျိုးဖြစ်ပါတယ်။ ထောပတ်က ထိန်းသိမ်းမှုစရိတ်နည်းလို့ပါ။ ဒါပေမယ့် ထောပတ်တစ်မျိုးတည်း ဝင်ငွေနဲ့မိသားစု စားဝတ်နေရေးအတွက် မရပ်တည်နိုင်ဘူး။ သီးညှပ်အဖြစ် ကော်ဖီကို စမ်းသပ်စိုက်ပျိုးတာ အောင်မြင်နေပါပြီ။ ဒေသနဲ့လည်း ကိုက်ညီရမယ်။ ဈေးကွက်လည်း ရှိရမယ့် ကော်ဖီမျိုးတွေလိုအပ်နေပါတယ်" ဟု နောင်တရား



အမှတ်(၁)ရပ်ကွက်မှ ထောပတ်နှင့် ကော်ဖီတွဲလျက် စိုက်ပျိုးသည့် တောင်သူက ပြောသည်။

ယခင်နှစ်များတွင် ကော်ဖီသီး အမှည့်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ အရောင်းအဝယ်ပြုလုပ်နေကြပြီး အဆိုပါ ကော်ဖီသီးများကို ရွာငံ၊ ပင်းတယ၊ ပင်လောင်း စသည့် ကော်ဖီစက်ရုံများမှ ဝယ်ယူကြသည်။ အချို့တောင်သူများလည်း ကော်ဖီကို အခြောက်ခံ၍ သိုလှောင်ပြီး ပြန်လည်ရောင်းချသည့် တောင်သူများလည်းရှိသည်။ ယခုနှစ်တွင် ကော်ဖီအမှည့် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# ပွင့်ဖြူမြို့နယ်၌ ငါးမွေးမြူရေးကန်များ မြေယာအသုံးချမှု တရားဝင်ရရှိစေရေးနှင့် ငါးမွေးမြူခြင်းဆိုင်ရာ လိုင်စင်လျှောက်ထားရေး အသိပညာပေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ပွင့်ဖြူမြို့နယ်အတွင်းရှိ ငါးမွေးကန်များ မြေယာအသုံးချမှုတရားဝင်ရရှိရေးနှင့် ငါးမွေးမြူခြင်းလိုင်စင်လျှောက်ထားရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မေသန္တာဝင့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဒေါ်စပယ်လှိုင်တို့က မြို့နယ်အတွင်း အမှန်မွေးမြူနေသည့် ငါး/ပုစွန် မွေးမြူရေးကန်စာရင်းများ ကိုက်ညီပြီး တိကျမှန်ကန်မှုရှိစေရေး၊ လုပ်ငန်းလုပ်ပိုင်ခွင့်နှင့် မြေအသုံးချမှုမှန်ကန်စေရေး၊ လျှောက်ထားမှုမရှိသေးသောသူများ ငါးမွေးကန်များ မြေယာအသုံးချမှု တရားဝင်ရရှိရေး၊ ငါးမွေးမြူခြင်းလိုင်စင်လျှောက်ထားရေးတို့အတွက် ကျွဲတိကျေးရွာမှ ငါးမွေးတောင်သူများအား ပညာပေးဟောပြောပြီး တောင်သူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးနေခြင်းကို ကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**လေ့ကျင့်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက လာရောက်စမ်းသပ်မဲပေးကြသည့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ MEVM စက်ဖြင့် စမ်းသပ်မဲပေးသည့်အပြင် လာမည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် မဲရုံတာဝန် ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် MEVM စက်အား လက်တွေ့ကိုင်တွယ် ဆောင်ရွက်ရမည့်သူများဖြစ်၍ ကိုယ်တိုင်ကြိုတင်စမ်းသပ်ကိုင်တွယ် လေ့ကျင့်ဆောင်ရွက်ရန် မှာကြားသည်။


ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ တိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲအရာရှိများကို တွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းများအား CVLMS (Central Voters List Management System) ဆော့ဖ်ဝဲလ်စနစ်အတွင်း ထည့်သွင်းနေမှု၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲဆန္ဒရှင်ပြည်သူများ စမ်းသပ်သရုပ်ပြ မဲပေးခြင်း အသိပညာပေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် Myanmar Electronic Voting Machine (MEVM) စက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေး လေ့လာခြင်း အသိပညာပေး လုပ်ငန်းများကို နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများဖြင့် ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အသိပညာပေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များမှ မဲဆန္ဒရှင် ၁၃၁၀ က စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အွန်လိုင်းစနစ်ဖြင့် ရွှေတစ်ရွေးမှစ၍ တစ်ကျပ်သားအထိ စတင်ရောင်းချပေးနေ

**ရန်ကုန် ဇန်နဝါရီ ၁၇**

အွန်လိုင်းစနစ်ဖြင့် ရွှေတစ်ရွေးမှစ၍ တစ်ကျပ်သားအထိ စတင်ရောင်းချပေးနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

"UAB ဘဏ်ကနေ စရောင်းပေးနေပြီ။ ရွှေဂုံတိုင် ရွှေဆိုင်ကနေ စရောင်းပေးနေတယ်။ တစ်ရွေးကနေ ၁၀ ရွေး၊ တစ်ကျပ်သားအထိ စတင်ရောင်းချပေးနေပြီ။ နောက်ပိုင်းကတော့ ထပ်တိုးရောင်းချသွားမှာပါ။ တစ်ကျပ်သားကနေ ၁၀ ကျပ်သား၊ နှစ်ပိုင်းတို့၊ သုံးပိုင်းတို့ အဲဒီလိုမျိုး ထပ်တိုးသွားမှာပေါ့။ သိန်း၂၀၀ ကျော်ရင် ဘဏ်ကနေဖြတ်ရမယ်ဆိုတော့ အဲဒါနဲ့လည်း ညီသွားတယ်" ဟု ၎င်းက ဆိုသည်။

ရွှေရွေးစစုဆောင်းလိုသူများအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်တွင် တရားဝင်ရွှေဝယ်ယူနိုင်မည့် စနစ်များနှင့် ဝယ်ယူနိုင်မည့်ဆိုင်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ရွှေထုတ်၊ ငွေထုတ်သယ်ယူရန် မလိုအပ်ဘဲ ဘဏ်မှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက ပြဿနာမရှိဘဲ လုံခြုံစိတ်ချရကြောင်းလည်း ဦးမျိုးမြင့်က ပြောကြားသည်။

"ရွှေသယ်တာ၊ ငွေသယ်တာကျတော့လည်း အခုအခါက စိုးရိမ်ရတဲ့အခြေအနေဆိုတော့ ဘဏ်ကနေဖြတ်တယ်၊ သွားတယ်၊ လာတယ်ဆိုတော့ အန္တရာယ်ကင်းတာပေါ့"ဟု ၎င်းကပြောကြားသည်။

YGEA ၏ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ အချိန်ထုတ်ပြန်ချက်အရ အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၃၆၃၀၆၀၀၊ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်ထုတ်ပြန်ချက်အရ အကယ်ဒမီ မီးလင်းဈေး ရွှေတစ်ကျပ်သားကို ငွေကျပ် ၃၆၈၀၉၀၀ ရှိကြောင်းသိရပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အရောင်းအဝယ်အေးနေကြောင်း သိရသည်။ **MT**

## ပေါင်မြို့၌ စွန့်စားမှုဆီသို့ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများစာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်

**ပေါင် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်း(Book Club)တို့ ပူးပေါင်း၍ ခင်စောတင့် ရေးသားသည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



စာဖတ်ဝိုင်းတွင် စာပေချစ်သူများအသင်း အဖွဲ့ဝင် ဆရာအောင်ပြည့်ဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေချစ်သူများအသင်းအဖွဲ့ဝင် ဆရာငှက်တောင်ပံက "ရှုမဆုံးတော့သည်နှင့် စကားပြောဖို့ ခလုတ်နှိပ်ပါ" ခေါင်းစဉ်ကိုလည်းကောင်း၊ အဖွဲ့ဝင် ဆရာအောင်ပြည့်ဟိန်းက "လမ်းလျှောက်ထွက်ကြမယ်နှင့် ရွှေ့လျားစက်လှေကားပေါ်မှသူစိမ်း" ခေါင်းစဉ်ကို လည်းကောင်း၊ အဖွဲ့ဝင် ဆရာဝံသမောင်က "J.J.C.B.C.T ကိုမွေးဖွားခြင်း" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြသည်။ **မွန်မလေး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဲခူးတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပဲခူးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး



**ပဲခူး ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများ၊ ပဲခူးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးနှင့် သတင်းမှန်များ ဖြန့်ချိရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**မီဒီယာအဆိပ်သင့်မှုအန္တရာယ် မှတ်တမ်းဗီဒီယိုပြသ**

ရှေးဦးစွာ တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှု အန္တရာယ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ မိမိအနေဖြင့် ယခုတွေ့ဆုံပွဲတွင် ပထမဆုံးပြောကြားလိုသည်မှာ ပဲခူးတိုင်းဒေသကြီးသည် ယခင်ကာလများထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာနေသည့် မြင်ကွင်းများကို မြင်တွေ့လိုပါကြောင်း၊ သို့ရာတွင် မသမာသူများက မီဒီယာအဆိပ်သင့်အောင် သတင်းတု၊ သတင်းမှားများ လွှင့်ထုတ်ကာ တည်ငြိမ်မှုပျက်ပြားအောင် ဆောင်ရွက်နေကြပါကြောင်း။

ယနေ့အချိန်တွင် ပြည်ပအထောက်အပံ့ရယူထားပြီး ပြည်ပသြဇာခံယူနေသော မီဒီယာကြီးများက မိမိတို့နိုင်ငံနှင့် ပြည်သူများကို သတင်းမှားများ ထုတ်လွှင့်ကာ တိုင်းဖျက်ပြည်ဖျက်လုပ်ရပ်များ ဆောင်ရွက်နေကြသည်ကို ပြည်သူများအားလုံးက ဝေဖန်ပိုင်းခြားသိမြင်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့် သတင်းမှန်များ သိရှိစေရန်အတွက် မိမိတို့ဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းစာများ၊ Website များ၊ လူမှုကွန်ရက်စာမျက်နှာများ၌ ဖတ်ရှုပေးကြရန် လိုအပ်ပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်း ပြည်ပမီဒီယာကြီးများက သတင်းတု၊ သတင်းမှားများ လွှင့်ထုတ်ကာ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်ခဲ့ကြသည်ကို သင်ခန်းစာယူကြရမည်ဖြစ်ပါကြောင်း။

**နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းကြစေလို**

နိုင်ငံတော်၏ ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပါဝင်ကူညီပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍကို အလေးထားပြီး လူငယ်များအား မှန်ကန်သောလမ်းကြောင်းပေါ်ရောက်အောင် ဘက်စုံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းပေးကြစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**MRTV DTH စလောင်းနှင့် DVB T2 Set Top Box များ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်၊ ကျေးရွာများအတွက် MRTV DTH စလောင်းခုနစ်စုံနှင့် DVB T 2 Set Top Box အလုံး ၁၀၀ ကို ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်အားလည်းကောင်း၊ တပ်နယ်မိသားစုများအတွက် MRTV DTH စလောင်း သုံးစုံနှင့် DVB T 2 Set Top Box အလုံး ၁၀၀ ကို အမှတ် (၇၇) ခြေလျင်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး မိုးမြင့်ထွန်း အားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် သတင်းတု၊ သတင်းမှားများ တားဆီးကာကွယ်ရေးနှင့် သတင်းမှန်များ ဖြန့်ချိရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိပြီး နန်းတော်ကြီးအား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ဟံသာဝတီရှေးဟောင်းသုတေသနပြတိုက်တို့ကို ကြည့်ရှုလေ့လာသည်။

ကမ္ဘောဇသာဒီမြေနန်းပြာသာဒ်ဆောင်နေရာအား ၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်သုတေသနပြု တူးဖော်ခဲ့ရာ ထု ၃ ပေ ၆ လက်မရှိသည့် အုတ်စီအုတ်ရိုးများ ၁၄ ပေ ၆ လက်မစီခြား၍ တည်ဆောက်ထားသော ကျွန်းတိုင်လုံး အကြွင်းအကျန် ၅၀ နှင့် တိုင်နေရာ နှစ်ခုတို့ကို တွေ့ရှိခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး၏မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝန်းဆောင်၊ လက်ယာဝန်းဆောင်နှင့် ခနုဆောင်တို့ ပုံစံတူပြန်လည်တည်ဆောက်ရေးအတွက် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ၁၉၉၅ ခုနှစ် မတ် ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ပဲခူးမြို့ မြို့မဈေးအပေါ်ထပ်ရှိ MSME အရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလုပ်ငန်းများက ထုတ်လုပ်သည့် ပစ္စည်းများနှင့် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)တို့ကို ကြည့်ရှုလေ့လာသည်။ **(အောက်ဝဲပုံ)**

**ဈေးနှုန်းချိုသာစွာရောင်းချ**

အဆိုပါ MSME အရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းရှိ မြို့နယ်များမှ ထွက်ကုန်ပစ္စည်းများသာမက တိုင်းဒေသကြီး အနောက်ပိုင်းရှိ မြို့နယ်များ၏ ထွက်ကုန်ပစ္စည်းများကိုပါ ခင်းကျင်းရောင်းချထားပြီး ပြင်ပဈေးနှုန်းထက် ဈေးနှုန်းချိုသာစွာ ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးမြို့ ဥဿာမြို့သစ် ၂ ရပ်ကွက်ရှိ Agro Future Myanmar Co.,Ltd က ထုတ်လုပ်လျက်ရှိသော လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ လက်ဆွဲကောက်စိုက်စက်သည် စက်၏ကိုယ်ထည်ကို ခိုင်ခံ့အောင် Steel နှင့် ပြုလုပ်ထားပြီး သယ်ယူပို့ဆောင်ရာတွင် ပေါ့ပါးခြင်း၊ ဆီစားနှုန်းသက်သာခြင်း၊ တစ်ရက်လျှင် ငါးဧကစိုက်ပျိုးနိုင်ခြင်း၊ မြန်မာနိုင်ငံတွင် ကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပမှ ဝယ်ယူခြင်းထက် ဈေးနှုန်းသက်သာမှုရှိပြီး ခြောက်လအာမခံစနစ်ဖြင့် ရောင်းချမှု၊ ယုံကြည် စိတ်ချရမှုတို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်မှ ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပဲခူးမြို့ ညောင်အင်းစက်မှုဇုန်ရှိ Bago Sports Gloves Co.,Ltd သို့ သွားရောက်၍ အားကစားလက်အိတ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

**တစ်လလျှင် လက်အိတ်နှစ်သိန်းခန့် ထုတ်လုပ်တင်ပို့လျက်ရှိ**

Bago Sports Gloves Co., Ltd သည် ဂျပန်နိုင်ငံရှိ The Naigai Corporation က ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့်စက်ရုံဖြစ်ပြီး အလုပ်သမား ၇၆၂ ဦးဖြင့် Callaway, Addidas, Mizuno, Bridgestone, Taylormade အစရှိသည့် တံဆိပ်များဖြင့် ဂေါက်လက်အိတ်များကိုလည်းကောင်း၊ Addidas, Marucci, Asics, Japana အစရှိသည့် တံဆိပ်များဖြင့် Baseball လက်အိတ်များကိုလည်းကောင်း၊ CMP စနစ်ဖြင့် တစ်လလျှင် လက်အိတ်နှစ်သိန်းခန့် ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များကို ရောက်ရှိလေ့လာစဉ် မိမိအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် MSME လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ရမည်ဟု ခံယူထားပါကြောင်း၊ ယခု လာရောက်ကြည့်ရှုရခြင်းမှာ ပြန်ကြားရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို သိရှိစေရန် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



**သတင်းစဉ်**

# တို့ဘိုးဘွားများရဲ့အမွေ အဖိုးတန်မြေ

ခင်သန်းမြင့်

❒ မြန်မာနိုင်ငံဆိုတာ ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံကြားမှာတည်ရှိတဲ့အပြင် ရာသီဥတုမျှတပြီး စိုက်လို့ပျိုးလို့၊ မွေးလို့အင်မတန်ကောင်းတဲ့ နိုင်ငံဖြစ်လျက်သားနဲ့ အခွင့်ကောင်းတွေကို အရမယူနိုင်ဘဲ အကြိမ်ကြိမ်လွဲချော်ခဲ့

❂ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ အချင်းချင်းတိုက်လို့ခိုက်လို့ မပြီးနိုင်ကြတော့ဘူး။ အင်အားကြီး နှစ်နိုင်ငံကြားက ပထဝီနိုင်ငံရေးအားသာချက်ဟာ ပြည်တွင်းပြည်ပ ပယောဂမျိုးစုံကြောင့် ယခုတိုင် အချင်းချင်း စိတ်ဝမ်းကွဲပြီး ပထဝီနိုင်ငံရေးကျိန်စာသင့်သလိုဖြစ်ခဲ့

❍ ပြည်ထောင်စုကိုဖြိုခွဲမယ့် အကြံအစည်၊ လုပ်ရပ်တွေ၊ ဘာသာသာသနာအပေါ် ဖျက်ဆီးစော်ကားတဲ့ အပြုအမူလုပ်ရပ်တွေကိုတော့ ပြည်ထောင်စုကိုချစ်တဲ့သူတိုင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကိုလိုလားတဲ့ ပြည်ထောင်စုသားတိုင်းက ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့ ဆန့်ကျင်ကန့်ကွက်၊ ရှုတ်ချကြရမှာပါပဲ

ယခုရက်ပိုင်း ဈေးထဲမှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေက စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ်နဲ့ ဝယ်ချင်စရာတွေချည်းပဲ။ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ သခွား၊ မုန်လာ၊ ဘူး၊ ဖရုံ၊ ဘူးညွန့်၊ ဖရုံညွန့်၊ ပဲညွန့်၊ ကန်စွန်း၊ နံနံ၊ ပူဒီနာတွေ၊ ကန်စွန်းဥ၊ ပဲမြစ်၊ ဖရဲ၊ ထောပတ်၊ လိမ္မော်၊ ပန်းသီး စတဲ့ အသီးအနှံတွေ၊ အသီးအရွက်တွေက မျိုးစုံအောင်ပါပဲ။

ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးလတွေက မြန်မာပြည်ရဲ့ ကောက်ပဲသီးနှံတွေပေါ်ချိန်၊ မြေပေါ်သီးနှံ၊ မြေအောက်သစ်ဥသစ်ဖုတွေ အလျှံပယ်ထွက်တဲ့ ရာသီချိန်မဟုတ်လား။ ဒါ့အပြင် လူတွေစိုက်ပျိုးပြုပြင်စရာမလိုတဲ့ တမာ၊ ခံတက်၊ ရင်းတိုက်၊ လဲလူ၊ မန်ကျည်းစတဲ့ သက်ကြီးပင်တွေဆိုလည်း ရွက်ဟောင်းကြွေညောင်း၊ ရွက်နုပြောင်းပြီဆိုရင်ဖြင့် စားလို့မကုန်၊ ခူးလို့မကုန်အောင်ပါ။ နှစ်စဉ်မှန်မှန် အဆင်သင့်ဆွတ်ခူးစားသုံးရုံပဲ။ တောနယ်တွေမှာဆိုရင် ရောင်းဝယ်ဖို့နေနေသာသာ ဘယ်သူ့အပင်၊ ဘယ်သူ့ခြံကလို့တောင် မခွဲခြားဘူး။ တတ်နိုင်သူ ခူးသွားပေရော့ပဲ။ တစ်နပ်စာပိုခူးခဲ့ဖို့တောင် လမ်းကြုံမှာလို့ရပါသေးတယ်။

မြန်မာနိုင်ငံဆိုတာကလည်း အရှေ့တောင်အာရှမှာ အင်ဒိုနီးရှားပြီးရင် ဒုတိယအကြီးဆုံးနိုင်ငံ၊ မြေဆီသြဇာကလည်း စိုက်လို့ပျိုးလို့ အင်မတန်ကောင်းတဲ့ မြေဆိုတော့ နိုင်ငံတစ်ဝန်းလုံး သူ့ဒေသနဲ့သူ၊ သူ့ရာသီနဲ့သူ စိုက်လို့ပျိုးလို့ မဖြစ်ထွန်းတဲ့ သီးနှံရယ်လို့ မရှိပါဘူး။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ဆန်စပါးနဲ့ အထက် အညာဒေသက ပဲမျိုးစုံသီးနှံတွေဆိုရင် ပြည်တွင်းစားသုံးမှုသာမက နိုင်ငံ့အတွက် ပြည်ပဝင်ငွေရှာပေးနိုင်တဲ့အထိပါပဲ။ တနင်္သာရီမှာဆို ဆီအုန်း၊ ကရင်နဲ့ မွန်ပြည်နယ်မှာ ရော်ဘာနဲ့ ဒူးရင်း၊ မင်းကွတ်စတဲ့ ဥယျာဉ်ခြံထွက်သီးနှံတွေ၊ ပြင်ဦးလွင်၊ ရွာငံ စတဲ့ဒေသတွေမှာ ကော်ဖီ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်ထွက် လက်ဖက်၊ လိမ္မော်၊ ထောပတ်၊ ပန်းသီး၊ ရခိုင်ပြည်နယ်မှာ ငရုတ်ကောင်း စသဖြင့် ရေတွက်လို့ မကုန်နိုင်အောင်ပါ။ ဆန်စပါးဆိုရင် မြန်မာမျိုးရင်းပေါ်ဆန်းမွှေးက ကမ္ဘာကျော်သလို အခုနောက်ပိုင်း ရွှေဘိုပေါ်ဆန်းဆိုလည်း ရန်ကုန်အပါအဝင် မြို့ကြီးပြကြီးတွေမှာ ရောင်းတန်းဝင်ဈေးအမြင့်ဆုံးပါ။

## စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံ

စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံပီပီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ကျွန်မတို့အားလုံး ဖိဖိစီးစီးအာရုံစိုက်ပြီး ကြိုးပမ်းလုပ်ဆောင်ကြမယ်ဆိုရင် နိုင်ငံတော်အတွက်လည်း စားရေရိက္ခာဖူလုံရုံမက နိုင်ငံ့ဝင်ငွေလည်း ယခုထက် ပိုမိုတိုးတက်လာမှာ အမှန်ပါပဲ။

ယခု နှစ်သစ်ကူးကာလအတွင်းမှာပဲ မြန်မာ့လယ်ယာထွက်ကုန်တွေကို ပြည်ပနိုင်ငံတွေရဲ့ ဝယ်လိုအားမြင့်တက်လာတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံနဲ့ အခြားပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ သခွား၊ သစ်သီးဝလံများ၊ ရော်ဘာစိမ်း၊ ကြက်သွန်နီ စတဲ့ လယ်ယာထွက်ကုန်တွေ ပြည်ပနိုင်ငံတွေကို ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ဆိုတယ်။

ပဲမျိုးစုံတန်ချိန် ၂၄၇၇၉ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရရှိခဲ့ပြီး ပါကစ္စတန်၊ ထိုင်း၊ ယူအေအီး၊ ဗီယက်နမ်၊ ကနေဒါ၊ အမေရိကန်၊ ဂျပန်နိုင်ငံတွေကို အရင်ရက်သတ္တပတ်ထက် ပင်လယ်ရေကြောင်းကတင်ပို့မှုတွေ ပိုမိုတိုးတက်လာတယ်လို့ သိရတယ်။ နှမ်းမျိုးစုံဆိုလည်း နှစ်သစ်ကူးကာလအတွင်း ဝယ်လိုအားတွေမြင့်တက်နေပြီး တရုတ်နိုင်ငံကို အရင်အပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့တဲ့အပြင် ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ထိုင်ဝမ် (တရုတ်တိုင်ပေ) တို့ကလည်း ဝယ်လိုအားများပြားလာတယ်လို့ ဆိုတယ်။ နှမ်းနက်တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၃၈၀ မှ ၁၈၁၅ အထိ ဈေးရရှိတယ်လို့ ဆိုပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံက ပြည်ပဝယ်လက်နိုင်ငံများကို ပို့ကုန် အမေရိကန်ဒေါ်လာ ၂၂၆ သန်းကျော် တင်ပို့နိုင်ခဲ့ရာမှာ လယ်ယာထွက်ကုန်ပစ္စည်းက ဒေါ်လာ ၇၂ သန်းကျော်၊ ရေထွက်ပစ္စည်းက ဒေါ်လာ ၁၆ သန်းကျော်နဲ့ စက်မှုကုန်ချောက ဒေါ်လာ ၁၆၆ သန်းကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်းမှာလည်း မြန်မာနိုင်ငံရဲ့ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်အနက် လယ်ယာထွက်ပစ္စည်း တင်ပို့မှုတစ်ခုတည်းက ဒေါ်လာ ၆၆ သန်းကျော် ရရှိခဲ့တယ်လို့ သိရတယ်။

လယ်ယာကဏ္ဍက ပြောင်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေပဲဆန်၊ နှမ်း၊ ကြက်သွန်နီ၊ ချင်းခြောက်၊ မန်ကျည်းသီး၊ သစ်သီးဝလံ၊ ဖရဲသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ တစ်သျှူးငှက်ပျောသီး၊ ငှက်ပျောသီး(ရိုးရိုး) တို့ကို ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့လည်းဆိုတယ်။

ဒါပေမယ့် ဆင်ဟွာသတင်းဌာနရဲ့ထုတ်ပြန်ချက်အရဆိုရင်တော့ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ (သန်းပေါင်းလေးထောင်ကျော်) ရရှိခဲ့ပြီး တရုတ်၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံကို အဓိကတင်ပို့ခဲ့ရာမှာ တရုတ်နိုင်ငံက အဓိကဝယ်ယူခဲ့တယ်လို့ သိရတယ်။

## မသိသူကျော်သွား၊ သိသူဖော်စား

မသိသူကျော်သွား၊ သိသူဖော်စားဆိုတဲ့စကားက မြန်မာနိုင်ငံအတွက်ပဲ ရည်ညွှန်းလေရော့သလားလို့ ကျွန်မဖြင့်ဖတ်ရင်းစဉ်းစားမိတယ်။ မြန်မာနိုင်ငံဆိုတာ ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံကြားမှာတည်ရှိတဲ့အပြင် ရာသီဥတုမျှတပြီး စိုက်လို့ပျိုးလို့၊ မွေးလို့အင်မတန်ကောင်းတဲ့ နိုင်ငံဖြစ်လျက်သားနဲ့ အခွင့်ကောင်းတွေကို အရမယူနိုင်ဘဲ အကြိမ်ကြိမ်လွဲချော်ခဲ့တယ်။ လွဲချော်တယ်ဆိုတာထက် ပုတ်ချခဲ့တယ်လို့ပြောရင် ပိုမှန်မယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တစ်ခုတည်း ဖြစ်ထွန်းတာမဟုတ်ပါဘူး။ မြေပေါ်မြေအောက်သဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတယ်။ ရှည်လျားတဲ့ကမ်းရိုးတန်းတွေ၊ သာယာလှပတဲ့ သဘာဝရှုမျှော်ခင်းတွေနဲ့ ဘုရား၊ ပုထိုး၊ စေတီ စတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကြောင့် ကမ္ဘာက The Golden Land of Myanmar (ရွှေနိုင်ငံ) ရယ်လို့ တင်စားခဲ့ကြတဲ့နိုင်ငံ ဖြစ်ပါတယ်။

## သူ့အလှနဲ့သူ

ကချင်ပြည်နယ်က ရေခဲတောင်တွေဟာ အရှေ့တောင်အာရှမှာ မြန်မာတစ်နိုင်ငံတည်းမှာသာ တည်ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုက ပင်လယ်ကမ်းခြေတွေဟာ ယခုတိုင် သဘာဝအတိုင်း မပျက်မယွင်းရှိနေဆဲပါ။ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီမြစ်တို့ဟာ သူ့အလှနဲ့သူ ဧရာဝတီထဲကို ပေါင်းဆုံစီးဆင်းသလို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကလည်း သူ့အလှနဲ့သူ၊ သူ့အားသာချက်နဲ့သူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ စုစည်းတည်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းတစ်ခုတည်းနဲ့တင် ဒေသတွင်းနိုင်ငံတွေကြားမှာ အေးအေး ဆေးဆေး ယပ်ခတ်ပြီး စီးပွားရှာစားလို့ရပါတယ်။

ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာကတော့ ဒီအခွင့်အလမ်းတွေကို အထက်ကပြောခဲ့သလိုပဲ ကျွန်မတို့ အခွင့်ကောင်းမယူနိုင်ခဲ့ကြပါဘူး။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ အချင်းချင်းတိုက်လို့ခိုက်လို့မပြီးနိုင်ကြတော့ဘူး။ အင်အားကြီး နှစ်နိုင်ငံကြားက ပထဝီနိုင်ငံရေးအားသာချက်ဟာ ပြည်တွင်းပြည်ပ ပယောဂမျိုးစုံကြောင့် ယခုတိုင် အချင်းချင်းစိတ်ဝမ်းကွဲပြီး ပထဝီနိုင်ငံရေးကျိန်စာသင့်သလို ဖြစ်ခဲ့ရတယ်။

လက်ရှိကာလမှာဆိုရင် ပြည်ပနိုင်ငံကြီးအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုများနဲ့အတူ ဒေသစွဲ၊ လူမျိုးစွဲ အစွန်းရောက်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူများဟာ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ဆောင်လာကြတယ်။ ပါဝါလေဟာနယ်ဖြစ်သွားတဲ့ဒေသအချို့မှာဆိုရင် အကြမ်းဖက်သောင်းကျန်းသူများဟာ လက်နက်အားကိုးနဲ့ ဒေသခံတိုင်းရင်းသားများအပေါ် အမိန့်အမျိုးမျိုးထုတ်ပြန်ပြီး အတင်းအဓမ္မ လူသစ်စုဆောင်းနေကြတဲ့အပြင် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကိုပါ ဖျက်ဆီးစော်ကားလာခဲ့ကြပါတယ်။

## ကန့်ကွက်ရှုတ်ချ

အကြမ်းဖက်သောင်းကျန်းသူများက အခုလို ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားလာမှုအပေါ် မခံမရပ်နိုင်တဲ့ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများ၊ ရဟန်းရှင်လူပြည်သူများက "ဗုဒ္ဓဘာသာဝင်များကိုးကွယ်အထွတ်အမြတ်ထားရာ ဘုရားစေတီပုထိုး၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများအား (ဆန့်ကျင်ကြ)"၊ "အမျိုးဘာသာသာသနာအား ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့များ(အလိုမရှိ)"၊ "သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူများ(ကျရှုံးပါစေ)"၊ "ဘုရားစေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ (ကျရှုံးပါစေ)"စသဖြင့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဆန္ဒထုတ်ဖော် ကန့်ကွက်ရှုတ်ချလျက်ရှိပါတယ်။ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကန့်ကွက်ရှုတ်ချတဲ့ သဘောထားကြေညာချက်တွေကို ဆက်တိုက်ထုတ်ပြန်လျက် ရှိပါတယ်။

မြန်မာပြည်သူတွေဟာ အမျိုးဘာသာသာသနာနဲ့ပတ်သက်လာရင် အခုမှမဟုတ်ပါဘူး။ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်လက်အောက်မှာတောင် အင်္ဂလိပ်လူမျိုးအပါအဝင် အနောက်ဥရောပသားများက ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဘုရားစေတီပုထိုးများအပေါ် ဖိနပ်စီးတက်ကြလို့ ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်းကြီးက ဦးဆောင်ပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြတဲ့အတွက် အဲဒီနောက်ပိုင်းမှာ ဘုရားပုထိုးစေတီတွေပေါ်ကို နယ်ချဲ့အင်္ဂလိပ်တွေ ဖိနပ်စီးပြီး မတက်ရဲကြတော့ပါဘူး။

ဒီလိုပြောလို့ ကျွန်မကိုဖြင့် ဘာသာရေးအစွန်းရောက်နေသူ တစ်ဦးလို့လည်းမထင်ပါနဲ့။ ကျွန်မတို့ ကိုးကွယ်ယုံကြည်တဲ့ဗုဒ္ဓဘာသာဟာ မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ပါ။ ကာမဂုဏ်တို့၌ အဖန်တလဲလဲ မှီဝဲသုံးဆောင်ခြင်း၊ ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင်ကျင့်ခြင်းဆိုတဲ့ အစွန်းနှစ်ပါးကိုဖယ်ခွာပြီး မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းစဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကိုကျင့်ကြံပွားများ အားထုတ်ရတဲ့ဘာသာဖြစ်ပါတယ်။ ဒီမိုကရေစီစံနှုန်းအရလည်း လွတ်လပ်စွာကိုးကွယ်ခွင့်အပေါ် ကျွန်မတို့ လေးစားအလေးထားပါတယ်။

သို့ပေမယ့် ပြည်ထောင်စုကိုဖြိုခွဲမယ့် အကြံအစည်၊ လုပ်ရပ်တွေ၊ ဘာသာသာသနာအပေါ် ဖျက်ဆီးစော်ကားတဲ့အပြုအမူလုပ်ရပ်တွေကိုတော့ ပြည်ထောင်စုကိုချစ်တဲ့သူတိုင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကိုလိုလားတဲ့ ပြည်ထောင်စုသားတိုင်းက ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့ ဆန့်ကျင်ကန့်ကွက်၊ ရှုတ်ချကြရမှာပါပဲ။ တစ်ခေတ်တစ်ခါက မြန်မာ့ရုပ်မြင်သံကြားမှာ အမြဲလွှင့်ထုတ်နေကျ ရတနာမြေအားလေးစားဆိုတဲ့ စာသားပါသီချင်းလိုပဲ "ဒီမြေပေါ်မှာနေထိုင်ခဲ့တဲ့ ကျေးဇူးတရားကိုနားလည်ရင်း ရတနာမြေအားလေးစား"ဆိုတဲ့အတိုင်း ကျွန်မတို့ ဘိုးဘွားတွေရဲ့အမွေအဖိုးတန်မြေကို ကျွန်မတို့မှ တန်ဖိုးထားမလေးစားရင် ဘယ်သူကတန်ဖိုးထား လေးစားကြမှာလဲ။

နိုင်ငံတော်သီချင်းထဲက "ပြည်ထောင်စုကိုအသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည် ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ အဖိုးတန်မြေ"ဆိုတဲ့ စာသားက မျိုးဆက်တွေအတွက် အလကားရေးစပ်ထားခဲ့တာမှမဟုတ်တာ။ တို့ဘိုးဘွားအမွေအနှစ်မို့ ပြည်ထောင်စုသားတိုင်း ချစ်မြတ်နိုးကြဖို့၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့ လိုအပ်တာပေါ့။ ။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့်ဆုပေးပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံတို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး နဝမနေ့ပွဲစဉ်များအဖြစ် အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမတွင် ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်များတွင် ရတနာပုံတက္ကသိုလ်အသင်းက ပထမ၊ စစ်ကိုင်းတက္ကသိုလ်အသင်းက ဒုတိယရရှိပြီး မြစ်ကြီးနားတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်အသင်းတို့က ပူးတွဲတတိယရရှိကြသည်။

ထို့နောက် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုများ ပေးအပ်ရာ တက္ကသိုလ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသက်လွင်က အကောင်းဆုံး နောက်ထိန်းကစားသမားဆုရရှိသည့် ရတနာပုံတက္ကသိုလ်မှ မောင်မင်းသန့်သူကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အကောင်းဆုံးရိုက်ခုတ်ကစားသမားဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်မှ မောင်အောင်အောင်ကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အကောင်းဆုံးပင့်ထောင် ကစားသမားဆုရရှိသည့် ရတနာပုံတက္ကသိုလ်မှ မောင်နိုင်းနိုင်းအောင်ကိုလည်းကောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်မှ မောင်အောင်မျိုးကျော်ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်းက အမျိုးသားအသင်းလိုက်သုံးယောက်တွဲပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော မြစ်ကြီးနားတက္ကသိုလ်နှင့် တောင်ငူတက္ကသိုလ်အသင်းတို့ကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ဒုတိယဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်အသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက ပထမဆုရရှိသည့် ရတနာပုံတက္ကသိုလ်အသင်းကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အမျိုးသားပိုက်ကျော်ခြင်း တံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်ပေးအပ်ရာ ရတနာပုံတက္ကသိုလ်အသင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)**



တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

**လေရှီး ဇန်နဝါရီ ၁၇**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယမန်နေ့နံနက်ပိုင်းတွင် လေရှီးမြို့နယ် နာဂယဉ်ကျေးမှုပြတိုက်၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားရေးရာများကို ဆောင်ရွက်ခြင်းနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာစေရေးအတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို နိုင်ငံတော်က ပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်နိုင်ရေးနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားစေမည့်လုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားအချင်းချင်း (သို့မဟုတ်) တိုင်းရင်းသားလူမျိုးများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများထံ ဥပဒေ၊နည်းဥပဒေများနှင့်အညီ တာဝန်ခွဲဝေအပ်နှင်းထားပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ညီညွတ်စွာတင်ပြဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ငွေကျပ်သိန်း ၄၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပညာရေးမှူးရုံး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး ဥတ္တရသီရိမြို့နယ် ပညာရေးမှူး ဦးသန်းဆွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံထူးချွန် လူရည်ချွန်ရရှိသည့် ကျောင်းသား ကျောင်းသူများ၊ National ICT Awards-2023 ပြိုင်ပွဲဆုရရှိသူများ၊ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ အမျိုးသားအောင်ပွဲနေ့၊ အာဇာနည်နေ့၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးသန်းဆွေနှင့် တာဝန်ရှိသူများက သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုကြေးငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ မြို့မရန်ကုန် ဘုန်းတော်ကြီးကျောင်း၌ ယာယီတိုက်ပွဲရှောင်ပြည်သူ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၁ နှစ်အောက် ကလေးများအား ဇန်နဝါရီ ၁၇ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသစ်လွင်သိမ်းနှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင် ကြည့်ရှုအားပေးစဉ်။

စိုင်းအယ်ဘဲ

# ဆီဆိုင်မြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူ ၁၈၀၀ ကျော်အား ထောက်ပံ့

**ဆီဆိုင် ဇန်နဝါရီ ၁၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဇန်နဝါရီ ၁၆ ရက်က မြကန်သာရပ်ကွက် မြို့နယ်ခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပစ္စည်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆားတစ်ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သား၊ ခေါက်ဆွဲငါးထုပ်နှင့် ကြက်ဥ ၁၀ လုံးတို့ကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များက ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၁၈၃၄ စုအတွက် ဆန် ၂၄ ပြည်ပါ ၄၅၈ ဒသမ ၅ အိတ်၊ ဆီ ၁၈၃၄ ဘူး၊ ဆား ၁၈၃၄ ပိဿာ၊ ကုလားပဲ ၄၅၈ ဒသမ ၅ပိဿာ၊ ခေါက်ဆွဲထုပ် ၉၁၇၀ နှင့် ကြက်ဥအလုံးရေ ၁၈၃၄၀ တို့ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၇** မွန်ပြည်နယ် မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ၄၁ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး စုစုပေါင်း ၄၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ ဖူးမြော်လေ့လာကြသည်။ ထို့နောက် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သော ပစ္စည်းများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာ ပုံစံငယ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား လာရောက် ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည် -





**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦး**

ကျွန်တော်တို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီစဉ်ပေးမှုကြောင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီးအပါအဝင် မွန်ပြည်နယ်မှာရှိတဲ့ တန်ခိုးကြီးဘုရား ၁၀ ဆူရဲ့ ဂေါပကတွေကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အားဖူးမြော်ကြည်ညိုရအောင်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှုကို လေ့လာအတုယူလို့ရအောင် စီမံဆောင်ရွက်ပေးတဲ့ အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာမှာ ဉာဏ်တော်အရသော် လည်းကောင်း၊ အလေးချိန်အရသော်လည်းကောင်း အခြားဘုရားများနဲ့မတူအောင် ထူးခြားစွာ ထုဆစ်တည်ထားတာကို လေ့လာ မြင်တွေ့ခဲ့ရပါတယ်။ ထုဆစ် တည်ဆောက်ထားတဲ့နေရာမှာ မြန်မာမှုလက်ရာပညာတွေ၊ ပုဂံခေတ်လက်ရာများ၊ ရတနာပုံလက်ရာတွေနဲ့ပါ အထူးလှပနေအောင် ဆောင်ရွက်ထားတာကိုလည်း ကိုယ်တိုင်ကိုယ်ရောက် လာရောက်ပြီးတော့ လေ့လာခွင့်၊ ဖူးမြော်ကြည်ညိုခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ထူးခြားအံ့ဖွယ်ဆိုတာ မြန်မာမှုသာမက ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့၊ စာပေနဲ့ ဘာသာရဲ့ ယဉ်ကျေးမှုတွေကိုပါ အကုန်လုံး ဖော်ကျူးထားပြီးတော့ ကမ္ဘာမှာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ ဗဟိုချက်ဖြစ်တဲ့ မြန်မာနိုင်ငံကြီးကို ထေရဝါဒ အထွန်းကားဆုံး နိုင်ငံတစ်ခုအဖြစ်နဲ့ ဖော်ကျူးထားတဲ့လက်ရာတွေကို ပို၍ပို၍ပေါ်လွင်အောင် ဖော်ပြတဲ့ ဘုရားကြီးဖြစ်တဲ့အတွက်ကြောင့် အခုလို ဖူးမြော်ကြည်ညိုခွင့်ရတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိတဲ့ နိုင်ငံတော် အကြီးအကဲများနဲ့ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။



ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ။

**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦး**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြတဲ့ မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီး ဘုရားကြီးများတွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များအနက် ကျွန်တော်ကတော့ ကျိုက်မရောမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်ပဲ ဖြစ်ပါတယ်။ အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုခွင့်ရအောင် မွန်ပြည်နယ်အစိုးရအဖွဲ့က အထူးစီစဉ်ဆောင်ရွက်ပေးတာ ဖြစ်တဲ့အတွက် လွန်စွာမှ ကျေးဇူးတင်ရှိပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ဖို့ စတင်ဆောင်ရွက်တဲ့ စကျင်ကျောက်တော်ကြီး စတင်သယ်ယူခဲ့သည်မှ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနား ဆောင်ရွက်သည် အထိ ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို မြဝတီရုပ်မြင်သံကြားမှ ကြည့်ရှုခဲ့ရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ မာရဝိဇယဘုရားကြီးကို ဖူးမြော်ချင်စိတ်ဖြစ်ခဲ့ရပါတယ်။ အခုလို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေရဲ့ စီစဉ်ပေးမှုကြောင့် ဒီနေ့လာရောက်ဖူးမြော်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ အခုလို အံ့မခန်းလှတဲ့ ဘုရားကြီးကို ကိုယ်တိုင်မြင်တွေ့ ဖူးမြော်ခဲ့ရတဲ့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို အထူးပဲ ကျေးဇူးတင်မိပါတယ်လို့ ဒီနေရာကနေ ပြောချင်ပါတယ်။ အခုလို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ကုသိုလ်ပြု ပါဝင်လှူဒါန်းကြသော အလှူရှင်များ၏ စေတနာ၊ သဒ္ဓါတရားတို့ကိုလည်း လေးစားမြတ်နိုး တန်ဖိုးထားပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာ ပြောကြားလိုပါတယ်။

**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦး**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေရဲ့ စီစဉ်ပေးမှုကြောင့် ၁၀ မြို့နယ်မှာရှိတဲ့ ဘုရားစေတီများမှ ဂေါပကတွေ အခုလို လာရောက်ပြီးတော့ ဖူးမြော်ခွင့်ရတာ ဖြစ်ပါတယ်။ ဒီနေ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရောက်တော့ မူလ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ နဂါးရုံဘုရား၊ ကျောက်စာရုံစေတီများ၊ သာသနိကအဆောက်အအုံ၊ ဗိမာန်တော်ကြီးနဲ့ အခြားသော ထူးခြားတဲ့နေရာတွေကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ တာဝန်ရှိသူတွေရဲ့ အစီအစဉ်နဲ့ စိတ်အေးချမ်းစွာ ဖူးမြော် ကြည်ညိုခဲ့ရပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ဖို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် ဆောင်ရွက်တဲ့နေရာမှာ မြန်မာပြည်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ သဒ္ဓါတရားစစ်စစ်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ဖို့ အားလုံးမှာတာဝန်ရှိတဲ့အကြောင်း ပြောကြားလိုပါတယ်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စီမံကိန်းစောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီမံကိန်းစောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ စီမံကိန်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အရာထမ်းများ တက်ရောက်သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်ရုံးများကလည်း အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ စီမံကိန်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အရာထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ သွားရောက်ပြီး ရှရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းကာ အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ဆီထွက်သီးနှံနေကြာ စမ်းသပ်စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နှင့် မြိတ်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဆင်နှစ်ကောင်ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၂၃ ပါးနှင့် ဒေသခံပြည်သူ ၁၀၀ တို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ သံဃာတော် ၁၁ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၃ ပါးနှင့် ကျောင်းသား ကျောင်းသူ ၄၇၈ ဦးတို့ကို အဆိုပါ ကျောင်းတိုက်၌ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဉာဏိဿရအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံနှင့် မွမ်းမံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် တာဝန်ယူဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအခြေခံနှင့် မွမ်းမံတန်ဖိုးမြှင့် စားသောက်ကုန် (သီးနှံအခြေခံယို၊ ဖျော်ရည်၊ ဝိုင်အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးအောင်ကြည်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလုပ်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်ပေးပြီး သင်တန်းသားများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်၍ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရတနာပုံတက္ကသိုလ် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်(နေ့သင်တန်း)ဘာသာရပ်အသီးသီးတွင် တက်ရောက် ပညာသင်ကြားနေသည့် မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများက မြကျွန်းညိုညို့ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပါမောက္ခချုပ်ဒေါက်တာ တင့်မိုးသူဇာက အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး ဒေါက်တာဒေါ်သန်းအေး (ပါမောက္ခ၊ ဌာနမှူး)၊ ဒေါက်တာမွန်ရည်အေး (ပါမောက္ခ၊ ဌာနမှူး) တို့က သင်ကြားပို့ချပေးနေသည့် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များအကြောင်း၊ ဒေါ်သီတာအောင် (မော်ကွန်းထိန်း)က ကျောင်းသား ကျောင်းသူများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်ရှင်းလင်းကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများသည် ပင်မဆောင်မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု ပိုစတာပြခန်းများနှင့် ရတနာပုံတက္ကသိုလ် စာကြည့်တိုက်တို့ကို လှည့်လည်လေ့လာကြည့်ရှုကြရာ စာကြည့်တိုက်မှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်၏ ဆောင်ရွက်ပေးနေမှုအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းကြပြီး သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

**တင်မောင်-မန်း**

# ဘီးလင်းမြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဇန်နဝါရီ ၁၇**

ဘီးလင်းမြို့နယ် ကျေးလက်နေပြည်သူများ ရာသီမရွေးကျေးလက်ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင်ရန် ရည်ရွယ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၇၅ သန်းဖြင့် ခိုန်ရတနာကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်သည့် ဝင်းကကျေးရွာ ဥတ္တံ့ားစွန်းပယ်ကုန်ထုတ်လမ်း (၂၂၀၀၀' x ၁၂'x ၁'- ၉") ခင်းခြင်းလုပ်ငန်းမှ မြေသားအောက်ခံလွှာခင်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက CBR တိုင်းတာစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေးဝေမျှကူ တိုင်းပဲခူး၏ အခမဲ့ ဆေးကုသမှုအလှူ

ရဲယံ

**ဒူးမကောင်း၊ ခါးမကောင်း၊ မျက်စိမကောင်း စသည့်အမျိုးမျိုးသော ဝေဒနာတို့ကြောင့် ဆေးကုသခံယူရန် အဘိုးအဘွားများသည် ပဲခူးမြို့ ပြည်သူ့ဆေးရုံ၌ စုရုံးရောက်ရှိနေကြသည်။ ယင်းအဘိုးအဘွားများသည် အများအတွက် တာဝန်ထမ်းဆောင်ရင်း နုပျိုချိန်ကို ကုန်လွန်စေကာ သက်ကြီးပိုင်းကာလ ဝင်ရောက်ချိန်မှ ပင်စင်ယူနားခဲ့ကြရသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများပင်။**

ထိုကဲ့သို့ နိုင်ငံ့တာဝန်ကို တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီး ကျန်းမာပျော်ရွှင်စွာဖြင့် အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ငွေကြေးကုန်ကျမှု အနည်းဆုံးဖြင့် လက်လှမ်းမီ သာတူညီမျှရရှိနိုင်ရေး ရည်ရွယ်၍ လစဉ်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုလာရောက်ပြသနေသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အားပေးစကားပြောကြားစဉ်။

**✻ လစဉ် လာပြဖြစ်တယ်။ သွေးတိုးရောဂါကြောင့် ပုံမှန်ဆေးပြဆေးသောက်နေရပါတယ်။ ကျွန်တော်တို့လို အငြိမ်းစားဝန်ထမ်းတွေ ရပ်ဝေးရပ်နီးက အများကြီးလာပြကြတယ်။ တစ်လလုံးစာ သောက်ဖို့ဆေးဝါးတွေ အလုံအလောက်ပေးတယ်။ အခုကတော့ လာပြတဲ့သူကများတော့ ရက် ၂၀ စာ ခွဲပေးတာလည်းရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အင်မတန်ကောင်းတဲ့ အစီအစဉ်ပါ။ ဒါကြောင့် လှူတဲ့သူ၊ ကူတဲ့သူအားလုံးလည်း ကုသိုလ်ရပါတယ်။ ထပ်ပြီးတော့လည်း လိုအပ်တဲ့နေရာတွေ ဖြည့်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးသန်းအောင် က ပြော**

"မွန်မြတ်ကောင်းမွန်တဲ့ စိတ်ရင်းစေတနာတွေနဲ့ လုပ်ပေးတဲ့ ဆေးကုသမှုအစီအစဉ်လေးပါ။ လာပြဖြစ်တာ ရှစ်လလောက်ရှိပါပြီ။ ပထမဆုံး လာပြတုန်းက ဒူးနာလို့ဆိုပြီး လာပြတာပါ။ ဒီကျတော့မှ ဆရာဝန်ကြီးတွေက သွေးချိုစစ်ဆေးပေးတော့မှ ဆီးချိုကြောင့်ဆိုတာ သိရတာ။ ဒီမှာလစဉ်ပုံမှန် လာပြတယ်။ ဆေးကုသမှုပေးမယ်၊ သောက်ရမယ့် ဆေးတွေ ပေးပါတယ်။ သက်သာပါတယ်။ ဒီလို စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အငြိမ်းစားဝန်ထမ်းဆိုတာ ပင်စင်လစာပဲ ဝင်ငွေရှိတာဖြစ်တဲ့အတွက် ကျန်းမာရေးအတွက် လစဉ်လတိုင်းသုံးနိုင်ဖို့ ခက်ခဲတဲ့သူများပါတယ်။ အဆင်ပြေတဲ့သူထက် လိုအပ်တဲ့သူက များပါတယ်။ ဒီလိုလိုအပ်မှုများတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ ကျန်းမာရေးကွက်လပ်ကို ဖြည့်ပေးတဲ့အတွက် စီစဉ်ပေးတဲ့သူတွေ၊ ကုသပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပဲခူးမြို့မှ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် လစဉ်လတိုင်း အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို လစဉ် ၂၁ ရက်နေ့တိုင်းတွင် ဆောင်ရွက်ပေးလျက်ရှိပြီး အကယ်၍ ၂၁ ရက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက အနီးဆုံးရုံးဖွင့်ရက်တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

### ပြည်သူလူထုကျန်းမာရေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ

"နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်မှာ ပြည်သူလူထုကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို စဉ်ဆက်မပြတ် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးမှာလည်း ဝန်ကြီးချုပ် ဦးဆောင်ညွှန်ကြားမှုနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင် ၆ ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်မှာရှိတဲ့ တိုင်းဒေသကြီးအဆင့် ဆေးရုံကြီးတွေ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်သက်ဆိုင်ရာ မြို့နယ်ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ သမားတော်ကြီးတွေ၊ အထွေထွေရောဂါကုဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေဟာ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဒေသခံမြို့မိမြို့ဖ၊ ရပ်မိရပ်ဖတွေ၊ ပရဟိတစေတနာဝန်ထမ်းအဖွဲ့အစည်းတွေ အားလုံး ပူးပေါင်းပြီးတော့ အငြိမ်းစားဝန်ထမ်းတွေကို ကျန်းမာရေးအထူးစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးနေပါတယ်။ အကျိုးကျေးဇူးတွေ အများကြီးရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောသည်။

ပဲခူးမြို့ ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး ယခု ၁၃ ကြိမ်မြောက်အထိ ရှိလာခဲ့ပြီဖြစ်ကာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများတွင်လည်း အခမဲ့ဆေးကုသမှုများကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။

"ပုံမှန်ဆိုရင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကို အထူးကုဘာသာရပ် ၁၀ မျိုးနဲ့ ကုသပေးလျက်ရှိပါတယ်။ အခု ၁၃ ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါမှာ မျက်စိစမ်းသပ်ပြီးတော့မှ ခွဲစိတ်ဖို့လိုအပ်တဲ့ လူနာတွေကို ရက်ချိန်းနဲ့ ခွဲစိတ်ကုသနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါက အခုလမှာ ပါဝင်လာတဲ့ အထူးကုသမှုအစီအစဉ်တစ်ခုပါ။ ထပ်ပြီးတော့လည်း ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုပြီးပေးနိုင်အောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု ပဲခူးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က ပြောကြားသည်။

အငြိမ်းစားများ ဆေးကုသမှုခံယူရာတွင် ငွေကြေးအခက်အခဲများရှိခြင်းနှင့် အထူးသဖြင့် နာတာရှည်မကူးစက်နိုင်သော ရောဂါဝေဒနာရှင်များမှာ လစဉ်ဆေးဝါးဝယ်ယူရသည့် ကုန်ကျစရိတ်များ ရှိခြင်းတို့ကြောင့် ပင်စင်လစာဖြင့် အချိုးအစားမညီသည့်အတွက် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား လစဉ်စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် စတင်ဆောင်ရွက်သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ငွေကျပ်သိန်း ၃၀ မတည်လှူဒါန်းခဲ့ပြီး ဘဏ္ဍာငွေလိုအပ်သည့် လများတွင်လည်း ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ စုစုပေါင်းငွေကျပ်သိန်း ၁၆၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

### အငြိမ်းစားဝန်ထမ်းတွေ အများကြီးလာပြကြ

"လစဉ် လာပြဖြစ်တယ်။ သွေးတိုးရောဂါကြောင့် ပုံမှန်ဆေးပြဆေးသောက်နေရပါတယ်။ ကျွန်တော်တို့လို အငြိမ်းစားဝန်ထမ်းတွေ ရပ်ဝေးရပ်နီးက အများကြီးလာပြကြတယ်။ တစ်လလုံးစာ သောက်ဖို့ဆေးဝါးတွေ အလုံအလောက်ပေးတယ်။ အခုကတော့ လာပြတဲ့သူကများတော့ ရက် ၂၀ စာ ခွဲပေးတာလည်းရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အင်မတန်ကောင်းတဲ့ အစီအစဉ်ပါ။ ဒါကြောင့် လှူတဲ့သူ၊ ကူတဲ့သူအားလုံးလည်း ကုသိုလ်ရပါတယ်။ ထပ်ပြီးတော့လည်း လိုအပ်တဲ့နေရာတွေ ဖြည့်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးသန်းအောင်က ပြောသည်။

လစဉ်စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကုသရေးဦးစီးဌာန (နေပြည်တော်) နှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့ပေးသော ဆေးဝါးများ၊ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ငွေ ရရှိမှုအပေါ်မူတည်၍ ဆေးဝါးများကို လူနာတစ်ဦးလျှင် တစ်လစာ (သို့မဟုတ်) ၁၅ ရက်စာ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ သားဖွားမီးယပ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ခေါင်း၊ အရိုးအကြော၊ အရေပြား စသည့် ဆေးပညာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ၏ စေတနာအရင်းခံပြုစုကုသမှု၊ သက်ဆိုင်ရာဌာနဆိုင်ရာ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုသည် မွန်မြတ်သော၊ ကောင်းမွန်သောလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် တိုး၍ပွား၍ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစုံ ၁၀၀၄၀၈ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းသီးနှံစုံ ဧက တစ်သိန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းသီးနှံစုံ ၁၀၂၇၂၆ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ၁၀၀၄၀၈ ဧကအထိ စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

စိုက်ပျိုးပြီးသော ဆောင်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ် အသုံးပြုနည်း နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဆောင်းသီးနှံစုံ စိုက်ပျိုးမှုအဖြစ် ပဲမျိုးစုံ ၃၈၈၂၄ ဧက၊ ဆီထွက်သီးနှံ ၂၇၀၈၃ ဧက၊ စားဖိုဆောင်သီးနှံ ၈၄၀၆ ဧက၊ အခြားသီးနှံ ၁၇၈၁၁ ဧက၊ နှံစားသီးနှံပေါင်း ၈၂၈၄ ဧက စုစုပေါင်း ၁၀၀၄၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ဆရာတော်ကြီးများနှင့် ကာယကံရှင်၏ မိသားစုဝင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၁၇**
(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များဖြစ်သည့် ဆရာတော်ကြီးများနှင့် ကာယကံရှင်၏ မိသားစုဝင်များရှိရာသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဂုဏ်ထူးဆောင်ဘွဲ့များ သွားရောက်ပေးအပ်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် သရေစည်သူဘွဲ့ရရှိသည့် နေပြည်တော် ပျဉ်းမနားမြို့နယ် ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိမထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး သရေစည်သူဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ (မြို့တော်ဝန်)ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ခေမာနန္ဒ မထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး စည်သူ ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း) ဦးညွန့်မောင်ရှိန် (ကိုယ်စား) အမွေခံတူဖြစ်သူ ဦးတင်ဝင်းအောင်မိုး ထံသို့ ဂုဏ်ထူးဆောင်ဘွဲ့ကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့်ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအစီအမံများကို လုံလောက်ပြည့်စုံအောင် အချိန်မီဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းအစီအမံ(၅)ရပ်ဖြစ်သည့် မော်တော်ယာဉ် အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်အသုံးပြုရန်၊ မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၊ နောက်မှ လိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်၊ မေးသိုင်းကြိုး မြဲမြံစွာတပ်ဆင်အသုံးပြုရန်၊ အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်နှင့် မော်တော်ယာဉ် မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် မြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုကြရန် စသည့်အချက်များကို ပုံမှန်စစ်ဆေးကြပ်မတ်သွားကြရန် လိုကြောင်းနှင့် နေပြည်တော်ကို စံပြမြို့တော်အဖြစ် Clean City ၊ Green City ၊ Smart City ဖြစ်စေရေး သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး အမြဲဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၇**
ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်၍ အကျင့်စာရိတ္တကောင်းမွန်သော ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး ကရင်ပြည်နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၆ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက Fitness Dance ဖြင့် သရုပ်ပြတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။




အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုတို့သည် ထိုနိုင်ငံနှင့်လူမျိုး၏ ပညာရေးအခြေအနေပေါ်တွင် များစွာ တည်မှီနေပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် နိုင်ငံသူနိုင်ငံသားများကသာ မိမိတို့၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူ လူငယ်များကို နိုင်ငံတော်မှ အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရေး အခြေခံပညာကျောင်းများမှစပြီး ထူးချွန်ထက်မြက်သည့် အရည်အသွေးများ ပြည့်ဝစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဘက်စုံပညာထူးချွန်ဆု စုစုပေါင်း ၇၇ ဆုကို ပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အခြေခံပညာကျောင်းများ၏ သိပ္ပံလက်တွေ့နှင့် အိမ်တွင်းမှု လှုပ်ရှားမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် သုမေဓာရာမကြားတောရကျောင်းတိုက်ဓမ္မာရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးနှံပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အတွက် ငွေကျပ် ငါးသိန်း ငါးသောင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၄၈၀၀ ပေးအပ်လှူဒါန်း



**စစ်တွေ ဇန်နဝါရီ ၁၇**
မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း(MWCDF)မှ မုန်တိုင်းသင့် ပြည်သူများအတွက် ထောက်ပံ့သော 10 Kg ဆန်အိတ် ၄၈၀၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၆ ရက်က စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF)မှ မုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်အိတ်များကို စစ်တွေမြို့ပေါ်ရှိ နို့တိုက်မိခင် ၁၀၁၀၊ အသက် ၂နှစ်အောက်ကလေး ၁၀၈၈ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၆၈၀၊ Single Mother ၆၂၀၊ အသက် ၇၅ နှစ်နှင့်အထက် အဘွား ၄၀၇ ဦး၊ အသက် ၈၅ နှစ်နှင့်အထက် အဘွား ၇၄၈ ဦး၊ သီလရှင် ၃၄၃ ပါးနှင့် မိဘမဲ့ဂေဟာမှ ကလေး ၆၉ ဦး စုစုပေါင်း ပြည်သူ ၄၈၀၀ ကျော်အား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း မြို့နယ်အလိုက် အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အသက် ၈၅ နှစ်နှင့်အထက် အဘွားနှစ်ဦးအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပြီး (ဝဲပုံ) ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အကျိုးခံစားခွင့်ရှိသူများကို ဆန်အိတ်များ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၇**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၀ ဒသမ ၈၆ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၀ ဒသမ ၆၃ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ မိုင်းယန်းမြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် ပင်လောင်းမြို့နှင့် ပျဉ်းမနား(ဝဲကြီး)တို့ တွင် ၀ ဒသမ ၂၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၁၇**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို ဖျက်ဆီးစော်ကားမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကန့်ကွက်ရှုတ်ချပွဲကို ပြုလုပ်ကြရာ(ဝဲပုံ) သံဃာတော်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး ခရိုင်ဘောလုံးကွင်းမှ မြို့တော်ခန်းမရှေ့သို့ ချီတက်စုဝေးကြကာ သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား(ဆန့်ကျင်ကြ)၊ ဗုဒ္ဓဘာသာကိုစော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား(အလိုမရှိ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သထုံတွင် တပ်မတော်က လက်နက်ကြီးဖြင့်ပစ်ခတ်သဖြင့် ဒေသခံ ၄၀၀ နီးပါး တိမ်းရှောင်နေရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်ထဲတွင် တိုက်ပွဲမရှိဘဲ တပ်မတော်က လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ ၄၀၀ နီးပါး နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသည်ဟု မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသတွင် နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေသော တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်နှင့် အခြားသတင်းများအရ တပ်စခန်းများမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု မရှိကြောင်း၊ တပ်မတော်စစ်ကြောင်းများမှ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်မှုကို အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb ချ တိုက်ခိုက်ခြင်းများလုပ်ဆောင်ခဲ့ရာ ၎င်းလက်နက်ကြီး ကျည်အချို့သည် ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခြင်းများကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိကြောင်း သိရှိရသည်။

အကြမ်းဖက် အားပေးပြည်ဖျက်မီဒီယာများသည် ပြည်သူအပေါ် အကြမ်းဖက်ဆောင်ရွက်နေသော PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအချို့တို့၏ လုပ်ရပ်များကဖုံးကွယ်ပေးရန်အတွက် သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




○ *ကျောဖုံးမှ*

ပွဲစဉ် (၁၀) တွင် MIU အသင်း က Dream Team အသင်းကို သုံးဂိုး – ဂိုးမရှိ၊ VUC အသင်းက M2K အသင်းကို လေးဂိုး – ဂိုးမရှိ၊ ဖူဆယ်ချစ်သူအသင်းက Futsal–19 အသင်းကို ငါးဂိုး – လေးဂိုး၊ Winner Soccer အသင်းက လင်းလက်အသင်းကို ငါးဂိုး – နှစ်ဂိုး၊ လက်ဝဲသုန္ဒရအသင်းက Generations အသင်းကို ခုနစ်ဂိုး–ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်တွင် ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ VUC အသင်း အမှားအယွင်းမရှိ ၁၀ ပွဲဆက်တိုက်အနိုင်ရခဲ့ပြီး ပထမအကျော့အပြီး ဒုတိယနေရာ ရပ်တည်နေသည့် Generations အသင်းသည် ရှုံးပွဲဆက်ခဲ့သဖြင့် ဒုတိယနေရာကို MIU အသင်းအား လွှဲပြောင်းပေးခဲ့ရသည်။

ပွဲစဉ် (၁၀) အပြီးတွင် VUC အသင်းက ရမှတ် ၃၀ ဖြင့် ဦးဆောင်နေပြီး MIU အသင်းက ရမှတ် ၂၂ မှတ်၊ Generations အသင်းနှင့် Winner Soccer အသင်းတို့က ရမှတ် ၂၀ စီ၊ Futsal–19 အသင်းက ရမှတ် ၁၃ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ရမှတ် ၁၂ မှတ်၊ M2K အသင်းက ရှစ်မှတ်၊ လင်းလက်အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က ရမှတ် ခုနစ်မှတ်စီ၊ Dream Team အသင်းက ခြောက်မှတ် ရရှိထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF**

# နွားထိုးကြီးမြို့ရှိ ရဲစခန်း၊ ဆောက်လုပ်ရေးရုံးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရပြီး ပြန်လည်ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး သေဆုံးပြီး ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် ဇန်နဝါရီ ၁၆ ရက်က နွားထိုးကြီးရဲစခန်းနှင့် ဆောက်လုပ်ရေးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်မှုကြောင့် ဒရုန်းနှစ်စင်းပျက်စီးဆုံးရှုံးခဲ့ရကြောင်းနှင့် နွားထိုးကြီးမြို့နယ် ရွာကြီးရွာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ နှစ်ဦးကို ပစ်သတ်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နွားထိုးကြီးမြို့၏ အရှေ့တောင်ဘက်မီတာ ၅၀၀ ခန့်အကွာ မှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် နွားထိုးကြီးမြို့အတွင်းသို့ပစ်ခတ်ခဲ့ရာ နွားထိုးကြီးမြို့ ဆောက်လုပ်ရေးဝင်းနှင့်အထက(မြို့မ) စာသင်ကျောင်းအကြားသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းလာကြသည့် မိဘတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပြီး PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏ လုပ်ရပ်များကို ဖုံးကွယ်ရန် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မြောက်ဦး၊ ဘူးသီးတောင်နှင့် ပေါက်တောမြို့နယ်ရှိ ကျေးရွာများကို လေကြောင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အသက်ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ လေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ ကျေးရွာများကို ဇန်နဝါရီ ၁၅ ရက်တွင် တပ်မတော်မှလေကြောင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ လေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟုအကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media မှ မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်များနှင့် ပတ်သက်၍ အဆိုပါမြို့၊ ရွာများအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များကို AA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့ ပစ်ခတ်သည့်လက်နက်ကြီးကျည်များ၊ Drop Bomb များသည် ဒေသခံပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲမှုများ ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ AA သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူလူထုက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက သတင်းတု သတင်းမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သီရိလင်္ကာနိုင်ငံ၌ လေထုအရည်အသွေးကျဆင်းမှုကြောင့် နှာခေါင်းစည်းတပ်ဆင်ကြရန် ပြည်သူများအား တိုက်တွန်းထား



ကိုလံဘို ဇန်နဝါရီ ၁၇

**သီရိလင်္ကာနိုင်ငံ ဗဟိုပတ်ဝန်းကျင်ဆိုင်ရာ အာဏာပိုင်အဖွဲ့ (စီအီးအေ) က လေထုအရည်အသွေးကျဆင်းမှုကြောင့် နှာခေါင်းစည်းတပ်ဆင်ကြရန် နိုင်ငံအတွင်းရှိ ခရိုင်ငါးခုမှ ပြည်သူများအား ဇန်နဝါရီ ၁၇ ရက်တွင် အကြံပြုတိုက်တွန်းထားသည်။**

ကိုလံဘို၊ ဂဲယ်လီ၊ ဂျက်ဖ်နာ၊ မန်းနာနှင့် ဘတ်တီးကာလိုအာခရိုင်များမှ ဒေသခံပြည်သူများ အထူးသဖြင့် နာမကျန်းဖြစ်သူနှင့် အသက်အရွယ်ကြီးရင့်သူများအနေဖြင့် နေအိမ်ပြင်ပတွင် နှာခေါင်းစည်းတပ်ဆင်ကြရန် စီအီးအေ၏ မီဒီယာပြောရေးဆိုခွင့်ရှိသူ အဂျစ်ဝီးရာဆန်ဒရာက တိုက်တွန်းထားသည်။

သီရိလင်္ကာနိုင်ငံရှိ လေထုအရည်အသွေးမှာ လေကြောင်းတိုက်ခတ်မှုပုံစံ ပြောင်းလဲမှုသာ တိုးတက်ကောင်းမွန်မှုရှိလာဖွယ်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ လက်ရှိလေထုညစ်ညမ်းမှုကို ညွှန်ပြသော လေထုအရည်အသွေး အညွှန်းကိန်း (အေကျူအိုင်)မှာ သီရိလင်္ကာနိုင်ငံအတွင်းရှိ ခရိုင်အများအပြား၏ လေထုအရည်အသွေးမှာ ကျန်းမာရေးနှင့် မညီညွတ်သောအဆင့်တွင်ရှိကြောင်း ပြသနေသည်ဟု စီအီးအေက ယခုသီတင်းပတ်အစောပိုင်းတွင် ပြောသည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား လူပေါင်း ဒါဇင်ကျော် သေဆုံး

**ဘန်ကောက် ဇန်နဝါရီ ၁၇**

ထိုင်းနိုင်ငံ အလယ်ပိုင်း ဆူဖန်ဘူရီပြည်နယ်၌ ဇန်နဝါရီ ၁၇ ရက်က မီးရှူးမီးပန်းစက်ရုံပေါက်ကွဲမှုကြောင့် လူပေါင်း ဒါဇင်ကျော် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

ဒေသတွင်းသတင်းစာများဖြစ်ကြသည့် Thairath နှင့် Khao-sod တို့က အဆိုပါ ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၇ ဦးထက်မနည်း သေဆုံးကြောင်း ဖော်ပြထားသည်။ စပါးစိုက်ခင်းများအနီး အခင်းဖြစ်ပွားရာနေရာ၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တလိပ်လိပ်လွင့်တက်နေသည့် ဓာတ်ပုံများကို ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။ **ဆင်ဟွာ**



မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တလိပ်လိပ်လွင့်တက်နေသည်ကို တွေ့ရစဉ်။

## ဂါဇာရှိ ထိခိုက်ခံစားရသူများအတွက် ဆေးပစ္စည်းများ ကာတာပေးပို့

**ဒိုဟာ ဇန်နဝါရီ ၁၇**

ဂါဇာဒေသမှ အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများနှင့် ဆေးပစ္စည်းများကို ကာတာနိုင်ငံက ဇန်နဝါရီ ၁၇ ရက်တွင် ပေးပို့ခဲ့သည်။ အဆိုပါ ဆေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို အီဂျစ်နိုင်ငံမှတစ်ဆင့် ဂါဇာကမ်းမြောင်ဒေသသို့ပေးပို့သွားမည်ဟု ကာတာနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောသည်။

အီဂျစ်နိုင်ငံ အယ်-အာရစ်မြို့သို့ အကူအညီများရောက်ရှိမည်ဟု ကာတာသတင်းအေဂျင်စီတွင်ဖော်ပြထားသည်။ ကာတာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့၏ ပူးတွဲကြားဝင် ဆောင်ရွက်ပေးမှုဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ထိခိုက်ခံစားနေရသူ အရပ်သားများနှင့် အစ္စရေးတို့ ဖမ်းဆီးထားသူများအတွက် ဆေးဝါးနှင့် အခြားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်မည်ဖြစ်သည်။

ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုနှင့်အတူ ဂါဇာပဋိပက္ခ အဆုံးသတ်နိုင်ရေးနှင့် ဆေးဝါးအပါအဝင်လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့နိုင်ရေး ကာတာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မဂျက်အယ်-အန်စရီက ပြောသည်။ **ဆင်ဟွာ**



ဂါဇာကမ်းမြောင်ဒေသ ရာဖာ့မြို့ဆေးရုံတစ်ရုံအနောက်ဘက်ခြံဝင်းအတွင်း လူနာများအား ဆေးကုသမှုပေးနေသည်ကို တွေ့ရစဉ်။

## ၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ၂၅ သန်းကျော် ဝင်ရောက်ခဲ့

**တိုကျို ဇန်နဝါရီ ၁၇**

၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ခန့်မှန်းခြေဖြင့် နိုင်ငံခြားခရီးသွား ၂၅ ဒသမ ဝ၆ သန်း ဝင်ရောက်ခဲ့သည်ဟု ဇန်နဝါရီ ၁၇ ရက်က တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ အရေအတွက်မှာ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလမတိုင်မီက ခရီးသွား ဝင်ရောက်မှု၏ ၇၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု ဂျပန်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ ဖော်ပြချက်အရ သိရသည်။

ဒီဇင်ဘာလ တစ်လအတွင်း၌ပင် ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွား ၂ ဒသမ ၇၃သန်း ရှိခဲ့သည်။ ထို့စဉ် ဂျပန်နိုင်ငံမှ နိုင်ငံရပ်ခြားသို့ ခရီးသွားလာသည့် အရေအတွက်မှာလည်း ၉ ဒသမ ၆၂ သန်းရှိပြီး ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကာလမတိုင်မီ ၄၇ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## တူနီးရှားနိုင်ငံ အရှေ့တောင်ပိုင်းကမ်းရိုးတန်းတွင် စက်လှေနစ်မြုပ်၊ ရွှေ့ပြောင်းနေထိုင်သူ ၄၀ ပျောက်ဆုံး

**တူးနစ် ဇန်နဝါရီ ၁၇**

တူနီးရှားနိုင်ငံအရှေ့တောင်ပိုင်းကမ်းရိုးတန်းတွင် ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါလာသည့် စက်လှေတိမ်းမှောက်ရာ ၄၀ ထက်မနည်း ပျောက်ဆုံးလျက်ရှိသည်ဟု တူနီးရှားအမျိုးသား အစောင့်တပ်က ဇန်နဝါရီ ၁၆ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူ ၄၀ လိုက်ပါလာသည့် စက်လှေသည် စဖတ်ကမ်းရိုးတန်းမှ ဇန်နဝါရီ ၁၀ ရက်တွင် စတင်ထွက်ခွာလာပြီး အီတလီနိုင်ငံအတွင်းသို့ ခိုးဝင်ရန် မြေထဲပင်လယ်တွင် ခုတ်မောင်းလာခြင်းဖြစ်သည်။ စက်လှေပေါ်လိုက်ပါသည့်လူများ၏ မိသားစုဝင်များထဲမှ အချို့က ၎င်းတို့နှင့်အဆက်အသွယ်ပြတ်တောက်သွားကြောင်း ဒေသခံအာဏာပိုင်များထံ သတင်းပို့ကြသည်။ စက်လှေနစ်မြုပ်သည့် ရက်စွဲအတိအကျကိုမူ ဖော်ပြထားခြင်းမရှိချေ။

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ရှာဖွေရေးလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ထုတ်ပြန်ထားသည်။ တူနီးရှားနိုင်ငံသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ ဥရောပသို့ ဝင်ရောက်ရန် အဓိကလမ်းကြောင်းပေါ်တွင်တည်ရှိသည်။ တူနီးရှားအာဏာပိုင်များက တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသော်လည်း တူနီးရှားကမ်းရိုးတန်းမှနေ၍ တရားမဝင်သွားလာနေသူများမှာ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ **ဆင်ဟွာ**

## လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ပြင်းထန်သောတိုက်ခိုက်မှုများ အစ္စရေးဆက်လက်လုပ်ဆောင်

**ဂျေရုဆလင် ဇန်နဝါရီ ၁၇**

ဒုတိယမြောက်နေ့အဖြစ် လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ဇန်နဝါရီ ၁၇ ရက်တွင် လေကြောင်းတိုက်ခိုက်မှု အများအပြား ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။

တိုက်ခိုက်မှုများကို နံနက်ပိုင်းတွင် စတင်ခဲ့ကြောင်း၊ ဟစ်ဇ်ဘိုလာ အခြေခံအဆောက်အအုံနှင့် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်ရာတွင် ဂျက်တိုက်လေယာဉ်များ ပါဝင်ကြောင်း၊ ထို့အပြင် လက်ဘနွန်နိုင်ငံတောင်ပိုင်း ဒေသအများအပြားသို့ တင့်ကားဖြင့် ပစ်ခတ်တိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ပြန်ချက်တွင် ပြောသည်။



အစ္စရေးသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ မြို့အများအပြားကို လက်နက်ကြီး ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း၊ နေအိမ်တစ်လုံးကို ပစ်မှတ်ထားကာ ဒရုန်းများ အသုံးပြုခဲ့ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း လက်ဘနွန်နိုင်ငံပိုင် သတင်းအေဂျင်စီက အစီရင်ခံဖော်ပြခဲ့သည်။

လက်ဘနွန်ရှိ စစ်သွေးကြွများကလည်း လက်ဘနွန်၊ ဆီးရီးယားနှင့် အစ္စရေးတို့ နယ်နိမိတ်ဆုံရာ၌ အငြင်းပွားဖွယ်ရာ ဧရိယာငယ်တစ်ခုဖြစ်သည့် Shebaa Farms ရှိ အစ္စရေးစစ်စခန်း ဂလာဒီယိုလာဧရိယာသို့ တင့်ကားဖျက် ဒုံးကျည်များ ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ဟစ်ဇ်ဘိုလာအဖွဲ့က ၎င်းတို့၏ တိုက်ခိုက်သမားများထဲမှ တစ်ဦးသေဆုံးခဲ့ပြီး စုစုပေါင်း သေဆုံးသူ ၁၆၂ ဦးအထိ ရှိလာကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အစ္စရေးနှင့် အီရန်ကျောထောက်နောက်ခံ ဟစ်ဇ်ဘိုလာတို့သည် အစ္စရေး - ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားချိန်ကတည်းက နယ်စပ်တစ်လျှောက် ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားလျက်ရှိကြောင်း၊ ပစ်ခတ်တိုက်ခိုက်ရခြင်း၏ ရည်ရွယ်ချက်မှာ ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းများကို ထောက်ခံခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာက ပြောကြားထားသည်။ **ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီးတွင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားသည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ အခမ်းအနားမွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့်မီးရှူးမီးပန်းပစ်ဖောက်ရေး လုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးများက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများက (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုနေ့ဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ အကများနှင့်ခေတ်ပေါ်တေးဂီတအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကိုဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ညစဉ် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း၊ ထိုသုံးရက်တာကာလအတွင်း MSME ပြည်တွင်းထုတ်ကုန်အရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများကို ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံများလွှင့်ထူပြီး ညပိုင်းတွင် ရောင်စုံမီးများထွန်းရန် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်သွားရန်လိုကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်းများနှင့် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအနေဖြင့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

---

# SKYNET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကြီးတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ ပြည်တွင်းနာမည်ကျော်အားကစားသမားများ ပါဝင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ရွှေသံလွင်မီဒီယာက စီစဉ်ကျင်းပမည့် SKYNET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကြီးတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ မြန်မာနိုင်ငံရှိ နာမည်ကျော်ပိုက်ကျော်ခြင်း ကစားသမားများ ပါဝင်မည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီက တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ပထမဆုံးအကြိမ် စီစဉ်ကျင်းပသည့် SKYNET ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကြီးကို မြန်မာနိုင်ငံရှိ နာမည်ကျော်ပိုက်ကျော်ခြင်းကစားသမား၊ ၂၀၂၃ (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီး၏ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ကစားသမားများ၊ လူငယ်ပိုက်ကျော်ခြင်းကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစား သုံးမျိုးဖြစ်သည့် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အသင်း လေးသင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အသင်း ခြောက်သင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကာ စုစုပေါင်းပွဲစဉ် ၂၅ ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက် ၂၈ ရက်အထိ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်၌ ညနေ ၅ နာရီခွဲမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း၊ SKYNET SPORTS- 4 ၊ SKYNET SPORTS-HD ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း၊ လာရောက်ကြည့်ရှုလိုသည့် ပရိသတ်များအား ဝင်ကြေး ကျပ်ငါးထောင် သတ်မှတ်ထားကြောင်း သိရသည်။

**အာကာစိုး**



တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပခဲ့မှုကို တွေ့ရစဉ်။

---

# ရခိုင်ပြည်နယ် မောင်တောမြို့၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မောင်တော ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးတက်ရေးစီမံကိန်းအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ထူးချွန်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံထွန်းအောင်က သင်တန်းသား သင်တန်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခု တတ်မြောက်ခြင်းအားဖြင့် လူငယ်များ လမ်းမှားမရောက်စေဘဲ ပညာရေးတစ်ပိုင်းတစ်စဖြင့် အနာဂတ်ဘဝများ မပျောက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေခြင်းကြောင့် မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေတိုးပွားလာနိုင်မည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဥမ္မာထွန်းက မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ထူးချွန်သူများအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူးနှင့်တာဝန်ရှိသူများက မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများတွင် ထူးချွန်ခဲ့သူများကို လုပ်ငန်းထူထောင်နိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော ထူးချွန် သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

---

● *ကျောဖုံးမှ*

ဘော်လ်တန်အသင်းကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ဦးဆောင်ဂိုးကို ဘော်လ်တန်အသင်းက စတင်သွင်းယူနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သော လူတန်အသင်းသည် ဇန်နဝါရီ ၂၇ ရက်တွင် ခရစ္စတယ်ပဲလေ့စ်သို့မဟုတ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**နောက်တစ်ဆင့်တက်လှမ်း**

ချန်ပီယံရှစ်ကလပ် ဘစ္စတိုးလ်စီးတီးနှင့် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းပွဲစဉ်တွင် ဘစ္စတိုးလ်အသင်းက ကွန်ဝေး၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းမှ ဘင်ရာမာ ပွဲချိန် ၅၁ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

**အခြားသောပွဲစဉ်ရလဒ်များ**

အခြားသောပွဲစဉ်ရလဒ်များတွင် နယူးပို့သ်ကောင်တီက အီးစ်လိစ်အသင်းကို သုံးဂိုး -တစ်ဂိုး၊ ဘာမင်ဂမ်က ဟူးလ်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

---

**အားကစားမြှင့်တင်စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ရွှေတောင်မြို့နယ်မှ MSME လုပ်ငန်းဖြစ်သည့် ဥမ္မာကျော်စားသောက်ကုန်လုပ်ငန်းရှင်နှင့် တွေ့ဆုံမေးမြန်းမှု

တွေ့ဆုံမေးမြန်း - ငြိမ်းငြိမ်းသန့် (ပြန်/ဆက်)၊ ဓာတ်ပုံ - ကိုကိုမင်း (ပြန်/ဆက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး” ဆိုသည့် ဦးတည်ချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပါသည်။**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းအရေအတွက် ၈၃ ခု မှတ်ပုံတင်ထားကြောင်း ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ အဆိုပါ မှတ်ပုံတင်ထားသည့် လုပ်ငန်းများမှ ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် တောင်ဘုရားကြီးလမ်း အမှတ်(၁၄) ရှိ “ဥမ္မာကျော်” စားသောက်ကုန်လုပ်ငန်းရှင် မဥမ္မာကျော်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။

**မေး။ ။ “ဥမ္မာကျော်” စားသောက်ကုန်လုပ်ငန်း စတင်လည်ပတ်မှုနဲ့ အခုလက်ရှိ အခြေအနေကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ “ဥမ္မာကျော်” စားသောက်ကုန်လုပ်ငန်း မစတင်မီ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအနေနဲ့ ရွှေတောင်ထမင်းသုပ်၊ ထမင်းအရောသုပ်နှင့် ရွှေတောင်ခေါက်ဆွဲကို ၂၀၀၂ ခုနှစ်ကစတင် ရောင်းချလျက်ရှိပြီး ၂၀၂၁ ခုနှစ်ကစပြီး ခရီးအဝေးသို့ယူဆောင်ရာမှာလည်း လွယ်ကူစေဖို့နဲ့ အသင့်စားသုံးနိုင်ဖို့အတွက် “ဥမ္မာကျော်” Ready Made စားသောက်ကုန်လုပ်ငန်းကို တိုးမြှင့်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ “ဥမ္မာကျော်” စားသောက်ကုန်လုပ်ငန်းအနေနဲ့ ကုန်ပစ္စည်းဘယ်နှမျိုး ထုတ်လုပ်ရောင်းချပါသလဲ၊ အများဆုံး ရောင်းချရတဲ့ အမျိုးအစားကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်မတို့ဆိုင်မှာ ရွှေတောင် ထမင်းသုပ်၊ ထမင်းအရောသုပ်၊ ရွှေတောင်အုန်းနို့ခေါက်ဆွဲ၊ ရွှေတောင်မုန့်ဟင်းခါးနဲ့ စိန်ပန်းအကြွပ်ကြော်ဆိုပြီး အမျိုးအစားငါးမျိုး ထုတ်လုပ်ရောင်းချလျက်ရှိပြီး၊ ရောင်းအားအကောင်းဆုံးကတော့ ထမင်းသုပ်နဲ့ ထမင်းအရောသုပ်ဖြစ်ပြီး အခုနောက်ပိုင်းတော့ ရွှေတောင်အုန်းနို့ခေါက်ဆွဲဆိုတာ လူသိများလာပြီး ပိုပြီးတော့ ရောင်းရပါတယ်။ ၂၀၂၄ ခုနှစ်အစပိုင်းမှာ မုန့်ဟင်းခါးကို လက်ခံလာကြပြီး မုန့်ဟင်းခါးတွေလည်း အတော်ရောင်းရပါတယ်။ အဓိက ထုတ်ကုန်ပစ္စည်း ငါးမျိုးမှာ လေးမျိုးက ဈေးကွက်မှာ နာမည်ရသွားပြီး တော်တော်လေး ရောင်းရပါတယ်။

**မေး။ ။ ပြည်တွင်း၊ ပြည်ပ ရောင်းချမှု အခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ “ဥမ္မာကျော်” စားသောက်ကုန်လုပ်ငန်းက ထွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို ပြည်တွင်းအနေနဲ့ ရန်ကုန်၊ ပဲခူး၊ ပြည်နဲ့ နတ်တလင်းမြို့တွေမှာ ကိုယ်စားလှယ်များ ပေးထားရပါတယ်။ ရွှေတောင်မြို့ပေါ်မှာတော့ ရွှေနံ့သာ၊ မြသော်တာ၊ နေဝန်းသူရိန်နဲ့ ဆုံစည်းရာ စတိုးဆိုင်များက ကိုယ်စားလှယ်ယူရောင်းချလျက်ရှိပြီး ပြည်ပအနေနဲ့ ထိုင်းနိုင်ငံကိုယ်စားလှယ်ရရှိထားပြီး လစဉ်ရောင်းချရပါတယ်။ ဒါ့အပြင် ဂျပန်နဲ့ စင်ကာပူအထိ ဖြန့်ဖြူးရောင်းချနိုင်ပြီဖြစ်ပါတယ်။

**မေး။ ။ အခုလို စားသောက်ကုန်လုပ်ငန်း ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆက်လက်ဆောင်ရွက်မည့် အခြေအနေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ရွှေတောင်မြို့မှာ အစားအသောက်တွေအလွန်များတယ်။ အလွန်လည်းကောင်းတဲ့ အစားအသောက်တွေ ရှိတယ်ဆိုတာကို အမြို့မြို့၊ အနယ်နယ်မှာရှိတဲ့ မိတ်ဆွေတွေကို ရွှေတောင်ကလို့ ပြောလိုက်ရင် ရွှေတောင်ထမင်းသုပ်ရှိတဲ့နေရာ၊ ရွှေတောင်ခေါက်ဆွဲရှိတဲ့နေရာဆိုပြီး ရွှေတောင်မြို့လေးကို လူသိများစေလိုတဲ့အချက်နဲ့ ဘိုးဘွားလက်ထက်ကစပြီး မိသားစုမျိုးရိုးစဉ်ဆက် လုပ်ကိုင်လာတဲ့ လုပ်ငန်းအပေါ် ထိန်းသိမ်းချင်တဲ့ ရည်ရွယ်ချက်၊ ထုတ်ကုန်ပစ္စည်းတွေကို ဆက်ပြီး တိုးချဲ့ချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ စားသောက်ကုန်လုပ်ငန်းက ထုတ်တဲ့ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင်သာမက နိုင်ငံရပ်ခြားမှာ ကိုယ်စားလှယ်တွေနဲ့ ချိတ်ဆက်ရောင်းချပြီး နိုင်ငံခြားတင်သွင်းကုန်ပစ္စည်းတစ်ခုအနေနဲ့ ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ထုတ်ကုန်ပြပွဲ၊ ပြသမှု အခြေအနေများကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်မတို့ “ဥမ္မာကျော်” စားသောက်ကုန်လုပ်ငန်းက ထုတ်ကုန်ပစ္စည်းတွေကို ပဲခူးမြို့မှာ ကျင်းပတဲ့ ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်ပစ္စည်း အရောင်းပြပွဲမှာ ပထမဆုံး တင်သွင်းခဲ့ပါတယ်။ ရွှေတောင် ထမင်းသုပ်၊ ထမင်းအရောသုပ်နဲ့ ရွှေတောင်အုန်းနို့ခေါက်ဆွဲ သုံးမျိုးကို ရောင်းချပေးခဲ့ပါတယ်။ ပြည်တန်ဆောင်တိုင်ပွဲတော်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ကုန်စည်ပြပွဲမှာလည်း ပြသရောင်းချခဲ့ပါတယ်။ ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်မယ့် နေပြည်တော် MSME ထုတ်ကုန်ပြပွဲတွင်လည်း သွားရောက်ရောင်းချမှာဖြစ်ပါတယ်။

**မေး။ ။ အလုပ်သမားဦးရေနဲ့ နေ့စဉ်လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်မတို့ဆိုင်မှာ အလုပ်သမား ခြောက်ဦးရှိပါတယ်။ ဒီခြောက်ဦးနဲ့ပဲ အုပ်စုခွဲပြီး လုပ်ငန်းတွေလည်ပတ်အောင် ဆောင်ရွက်နေပါတယ်။ ကျွန်မတို့ဆိုင်ကို နံနက် ၅ နာရီကနေ နံနက် ၁၀ နာရီအထိ ဆိုင်စားအနေနဲ့ ဖွင့်လှစ်ရောင်းချပြီး Ready Made စားသောက်ကုန်ပစ္စည်းများကို နံနက် ၅ နာရီကနေ ည ၈ နာရီအထိ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိပါတယ်။



ဥမ္မာကျော်စားသောက်ကုန်ပိုင်ရှင် မဥမ္မာကျော်။ (ယာဉ်ပုံ)

**မေး။ ။ နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထောက်ပံ့ပေးမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်မှု၊ လုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်မှုကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအနေနဲ့ ကျပ်သိန်း ၁၀၀ ချေးငွေရရှိခဲ့ပြီး လုပ်ငန်းအတွက် တကယ်လိုအပ်နေတဲ့ ပါကင်ပိတ်စက်ကြီးကို ဝယ်ယူနိုင်ခဲ့ပါတယ်။ အခုလို ဝယ်ယူလိုက်တဲ့အတွက် ထုတ်ကုန်တွေကို လျင်လျင်မြန်မြန် ထုတ်နိုင်ပါတယ်။ အရင်က ပစ္စည်းတွေ ထုတ်လုပ်ရာမှာ လက်ဖိစက်တွေနဲ့သာ ထုတ်လုပ်တဲ့အခါ အလုပ်မတွင်ကျယ်ဘဲ ဝယ်ယူသူတွေလာတဲ့အခါ လုံလောက်အောင် မရောင်းပေးနိုင်ခဲ့ပါဘူး၊ အခုလို စက်ကြီး ရရှိလာတဲ့အခါ ပစ္စည်းတွေ လှိုင်လှိုင်ထုတ်နိုင်ပြီး၊ ကိုယ်စားလှယ်တွေကိုCancel လုပ်စရာမလိုဘဲ ပြည့်ပြည့်ဝဝ ပေးနိုင်ပြီး လက်လီရောင်းချမှုကိုလည်း ကောင်းမွန်စွာ လုပ်ကိုင်ရောင်းချနိုင်ပါတယ်။ အခုလို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတွေ ထောက်ပံ့ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ ဆက်လက်ပြီး မိမိကိုယ်တိုင် လူငယ်လုပ်ငန်းရှင်ဖြစ်တဲ့အတွက် ဒေသထွက်ကုန်များနဲ့ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်မယ့် လုပ်ငန်းရှင်လူငယ်တွေနဲ့ ပြည်သူတွေကိုလည်း အကြံပြုစကားများ ပြောကြားပေးပါဦး။**

ဖြေ။ ။ ကိုယ်ရဲ့ဒေသထွက် စားသောက်ကုန်ပစ္စည်းတွေကို သိတဲ့သူလည်းရှိသလို၊ မသိတဲ့သူလည်း ရှိနိုင်ပါတယ်။ ဒီမြို့၊ ဒီနေရာလေးမှာ ရောင်းနေရတာမျိုး မဟုတ်ဘဲ၊ ရပ်တန့်သွားတာမျိုး မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့ဒေသထွက် ကုန်ပစ္စည်းတွေကို တခြားနယ်၊ တခြားမြို့တွေက အသိအမှတ်ပြုပြီး ဒေသနဲ့ဝေးတဲ့ နေရာအနှံ့ပို့ပြီးတော့ တိုးချဲ့နိုင်မယ်ဆိုရင် စီးပွားရေးတစ်ခုအနေနဲ့လည်း ကောင်းသလို၊ ကိုယ့်ရဲ့ဒေသထုတ်ကုန်အနေနဲ့လည်း ဂုဏ်ယူစရာကောင်းပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းအနေနဲ့ ပူးပေါင်းပြီး FDA အသိအမှတ်ပြုလက်မှတ်ရရှိကာ နိုင်ငံတကာအထိ ဖြန့်ကြက်နိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်တဲ့ စီးပွားရေးတစ်ခုအနေနဲ့လည်း လုပ်ဆောင်သင့်ကြောင်း ဒေသအသီးသီးက မိတ်ဆွေများကို မျှဝေအကြံပြုပြောကြားလိုပါတယ်။ ။



ပါကင်ပိတ်စက်ကြီးဖြင့် ထုတ်ကုန်များကို လက်တွေ့ထုပ်ပိုးမှုကို ပြသစဉ်။



အသင့်စားထမင်းသုပ် ထုပ်ပိုးနေမှုကို တွေ့မြင်ရစဉ်။



## အထက်မင်းလှ၌ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းပိုင်းတွင် တည်ရှိပြီး ရေမြေရာသီဥတုအခြေအနေအရ စပါးစိုက်ဧကနည်းပြီး ယာသီးနှံများကို အဓိကထားစိုက်ပျိုးကြကြောင်း၊ သရက်ခရိုင် အထက်မင်းလှမြို့နယ်ရှိ တောင်သူများသည် ကုလားပဲ၊ မြေပဲတို့နှင့်အတူ ဆောင်းနေကြာကိုလည်း သီးညှပ်အဖြစ်လည်းကောင်း၊ သီးထပ်အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ အထက်မင်းလှမြို့နယ်အတွင်း ဆောင်းနေကြာ ဧက ၄၇၀၀ ကျော် စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးကို အများဆုံးစိုက်ပျိုးကြကာ သုံးလခွဲအကြာတွင် ခူးဆွတ်ရကြောင်း၊ သီးညှပ်စိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး သီးထပ်စိုက်ပျိုးရာတွင် ထွန်တုံးဖြင့် ထွန်ကြောင်းဆွဲကာ မျိုးစေ့ချ၍စိုက်ပျိုးကြကြောင်း၊နေကြာစိုက်တောင်သူများအနေဖြင့် နေကြာမျိုးကို ယခင်နှစ်က ထွက်ရှိသော နေကြာပန်းမှမျိုးစေ့ကို ဖယ်ချန်၍ ပြန်လည်စိုက်ပျိုးကြသကဲ့သို့ အထက်မင်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ဧက ၁၅၀၀ အတွက် နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်းမှရရှိ၍လည်း စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးဖိုး၊ စိုက်ခ၊ မြေပြင်ခ၊ လုပ်သားခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ်မှာ ယခင်နှစ်နည်းတူ ငွေကျပ် ၁၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် ဆီထွက်သီးနှံဖြစ်သော နေကြာသီးနှံစိုက်ခင်းများသည် အထက်မင်းလှမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

## ကော့မှူးမြို့နယ်၌ မိုးစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီး

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ရည်ရွယ်၍ မိုးစပါးသီးနှံစိုက်ဧက ၈၈၀၉၉ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကော့မှူးမြို့နယ်၌ အဓိကစိုက်ပျိုးသည့် သီးနှံများမှာ ရက် ၉၀ စပါး ၈၆၅၈ ဧက၊ ဇီယာ ၉၉၉ ဧက၊ ဧည့်မထ အထွက်ကောင်း ၁၉၅ ဧက၊ ငစိန် ၃၃၈၄၀ ဧက၊ ဖြိုးဒုံး ၂၁၆၅၅ ဧက၊ ငကြွေ (တောင်ပျံ) ၁၉၈၀၂ ဧက၊ ကောက်ညှင်း ၈၂၄ ဧက စသည့်စပါးမျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါးသီးနှံများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ မိုးစပါးသီးနှံစိုက်ဧက စုစုပေါင်း ၈၈၀၉၉ ဧကကို ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးဖြစ်ကြောင်း၊ စပါးအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၆၆ ဒသမ ၆၁ တင်းခန့် ထွက်ရှိကြောင်း ကော့မှူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

DOCA (ရန်ကုန်)

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၁၆ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်ကွဲ ၄၅၁ တန်၊ ဆန် ၃၂ ဒသမ ၅၀ တန်၊ ကြက်သွန်နီ ၈၁ ဒသမ ၅ တန်၊ ထောပတ်ပဲ ၆၆ ဒသမ ၀၀၀ တန်၊ ဖရုံသီး ၄၈ ဒသမ ၅ တန်၊ ကြံ ၄၉၅ ဒသမ ၀၀ တန်၊ မြေပဲ ၃၂ ဒသမ ၅ တန်၊ သခွားမွှေး ၁၅ ဒသမ ၀၀၀ တန်၊ တစ်သျှူးငှက်ပျော ၁၄၀၈ ဒသမ ၀၀ တန်၊ ကော်ဖီမစ် ၉ ဒသမ ၀၀ တန်၊ သီဟိုဠ်စေ့ ၃၁ ဒသမ ၆၀ တန်နှင့် ဖရဲသီး ၂၃၅ ဒသမ ၀၀ တန်တို့ တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀၊ ဆန်ကွဲ တစ်တန်လျှင် ဒေါ်လာ ၄၅၀၊ ပြောင်း တစ်တန်လျှင် ဒေါ်လာ ၃၁၀၊ ဖရဲသီး တစ်တန်လျှင် ဒေါ်လာ ၁၅၀၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ဒေါ်လာ ၃၈၀၊ ပဲတီစိမ်း တစ်တန်လျှင် ဒေါ်လာ ၆၅၀ ရှိကြောင်း သိရှိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းတွင် တစ်သျှူးစက္ကူလိပ်၊ ကုန်စုံပစ္စည်း၊ ချည်၊ ဆေးပစ္စည်း၊ သံပိုက်/သံချောင်း၊ ဂျပ်ဖာနှင့် အထည်တို့ တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် စက္ကူလိပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၊ ပီနံအိတ်တစ်တန်လျှင် ဒေါ်လာ ၈၀၀၊ ပိတ်လိပ်တစ်တန်လျှင် ဒေါ်လာ ၅၇၀၊ ဂျပ်ဖာတစ်တန်လျှင် ဒေါ်လာ ၃၉၀၊ ချည်ခင် တစ်တန်လျှင် ၆၆၇ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဇန်နဝါရီ ၁၆ ရက်တွင် တစ်ယွမ်လျှင် ၄၆၅ ကျပ် ဖြစ်ကြောင်း သိရှိရသည်။

DOT ( လွယ်ဂျယ်)

## တာချီလိတ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း ၅၃၂ ဒသမ ၂၅၀ တန်၊ ထောပတ်သီး တန် ၆၀၊ ကြက်သွန်နီ ၁၆ ဒသမ ၅၀ တန်၊ ပလတ်စတစ်ဖြတ်စ ရှစ်တန်နှင့် စက္ကူဖြတ်စ ၂၄ တန် တင်ပို့နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိပြီး ဇန်နဝါရီ ၁၆ ရက်တွင် ဘိလပ်မြေ၊ မီးခံအုတ်၊ ဘိလပ်မြေမျက်နှာကြက်ပြား၊ ဖိနပ်၊ ပလတ်စတစ်ဖျာ၊ ကြွေပြား၊ ပလတ်စတစ်ခြင်း၊ ပလတ်စတစ်ခွက်၊ ကွန်ကရစ်အမိုးပြားနှင့် မုန့်ချိုတို့ တင်သွင်းခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် ဇန်နဝါရီ ၁၆ ရက်တွင် ကျပ် တစ်သိန်းလျှင် ၁၀၀၅ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

DOT (တာချီလိတ်)

## ၁၇-၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ | ၃၇၆၀၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ | ၃၇၈၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၆၅၀၀ | ၄၂၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ | ၃၇၃၀၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၆၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ | ၃၇၆၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၃၇၄၀၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၅၆၀ | ၁၆၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၃၇၅၅၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၆၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | | ၃၇၆၀၀၀၀ |
| ၉ | မြိတ် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၃၉၀၀ | ၁၇၅၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၇၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၃၀၀ | ၃၉၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | | ၃၇၇၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၃၆၄၃၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၁၆၅၀၀ | ၂၅၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၃၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၃၇၄၀၀၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၀၀၀ | ၃၅၀၀၀ | ၅၈၀၀ | ၅၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | | ၃၇၆၀၀၀၀ |
| ၁၃ | ဟားခါး | ၆၆၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ | ၃၇၇၀၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၆၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၅၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၃၆၉၀၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၉၅၀ | ၁၂၀၀၀ | ၃၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ | |
| ၁၆ | ပခုက္ကူ | ၃၃၀၀ | | ၅၃၀၀ | ၁၂၅၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၂၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၃၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၈၅၀၀ | ၃၇၇၀၀၀၀ |
| ၁၇ | မကွေး | ၃၄၀၀(သစ်) | | ၆၇၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၃၇၆၅၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ | ၃၇၆၀၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ | ၃၇၅၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ | ၃၇၄၃၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ | ၃၇၄၃၀၀၀ |
| ၂၂ | ကလေး | ၃၃၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ | ၃၇၅၀၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## မိုင်းရယ်မြို့နယ်၌ စားနပ်ရိက္ခာဖူလုံပိုလျှံရေး နွေစပါးပျိုးထောင်ထားရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး



**မိုင်းရယ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် လယ်/စီ/အင်းဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်၉နာရီတွင် နားခိုကျေးရွာအုပ်စု ကွင်းအမှတ် (၁၇)၊ ဦးပိုင် အမှတ် ၄ တောင်သူ ဦးအိုက်ကျော်၏ နွေစပါး ပန်းတိုင်စံပြကွက် ၁၀ ဧက ပျိုးထောင်ထားရှိမှု အခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မိုင်းရယ်မြို့နယ်အတွင်း နွေစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ပျိုးထောင်စိုက်ပျိုးနည်းစနစ် မှန်ကန်စေရန်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများအတွက် စိုက်ပျိုးရေးနည်းစနစ်များ၊ ဓာတ်မြေဩဇာ နည်းမှန်လမ်းမှန် အသုံးပြုနိုင်ရေးနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း စိုက်ပျိုးထားသည့် ယာသီးထပ် ဆောင်းမြေပဲငါးမျိုး မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် တစ်ဧကအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုသည်။

မိုင်းရယ်မြို့နယ်တွင် စားနပ်ရိက္ခာဖူလုံပိုလျှံရေး နွေစပါးစိုက်ပျိုး ထုတ်လုပ်ရန် လျာထား ဧက ၁၁၇ ဧကရှိပြီး ယနေ့အထိ ၁၀၉ ဧက ပျိုးထောင်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မိုင်းရယ်(ပြန်/ဆက်)**

## “ရခိုင့်ဖိတ်ခေါ်သံ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “ရခိုင့်ဖိတ်ခေါ်သံ” တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၉ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ Friday Night Live Show အဖြစ် တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် စန်းလွင်၊ ကျော်ဆန်းလွင်၊ ကျော်ကျော်နိုင်၊ ခေတ်မင်းပိုင်၊ မြတ်မင်းခေါင်၊ ပြည့်ဖြိုးအောင်နှင့် စိုးယုနန္ဒာတို့က ရခိုင်ပြည်နယ်၏ အေးချမ်းသာယာလှပမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ရခိုင်ရိုးရာဓလေ့၊ ဖြူစင်ရိုးသားမှုနှင့် ရင်းနှီးခင်မင်မှုတို့အား ဖော်ညွှန်းသည့် တေးသီချင်းများကို မြန်မာ/ရခိုင် နှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## နတ်မောက်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**နတ်မောက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မကွက်သစ်ရပ်ကွက် ကောက်ကွက်အမှတ်(၂)တွင် ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၁၆ ရက်က ဘုရားလေးဆူဓမ္မာရုံ၌ ဆောင်ရွက်သည်။



အဆိုပါ ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၆ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး ဝန်ထမ်းများက စိစစ်၍ လူဦးရေစစ်ဆေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ မြို့မကွက်သစ်ရှိ အိမ်ထောင်စု ၁၁၄ စု ၊ လူဦးရေ ၄၀၈ ဦးတို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမျိုးတင့်ထံမှ သိရသည်။

**သိမ့်သိမ့်မိုး**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| စာတည်း အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

### ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၇ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ပူတာအိုမြို့နယ်၌ ဂရိတ်ဖရုဝိုင်များ ထုတ်လုပ်ရောင်းချ

**ပူတာအို ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မြို့မရပ်ကွက်ရှိ ဖီးလ်နစ်ဝိုင်ထုတ်လုပ်ရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသားများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ဒေသထွက် ဂရိတ်ဖရုသီးများအား တစ်ဆင့်မြှင့်ထုတ်ကုန် ဂရိတ်ဖရုဝိုင် အဖြစ် ထုတ်လုပ်လျက်ရှိသည်။

အဆိုပါအသင်းသည် ရာသီပေါ်ဂရိတ်ဖရုသီးများအား ကြံရည်နှင့် အချိုးကျရော၍ ဝိုင်ဖောက်ရာ အနည်းဆုံး သုံးလကျော်မှစတင်၍ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ တစ်လလျှင် 750 ml ပုလင်း ၉၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်းနှင့် ဝိုင်ပုလင်းများအား ကချင်ပြည်နယ်အတွင်းသာမက အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၁၀၆၅ | ၉၄၆၇၀၀၀ |
| MTSH | ၂၈၀၀ | ၂၉၀၀ | ၁၅၁၂၆ | ၄၃၆၃၉၄၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃၈ | ၃၀၀၂၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၅၃၈ | ၈၁၆၄၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၆ | ၁၂၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၀ | ၄၇၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၁၆၆၁ | ၂၈၂၃၉၀၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/22120 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းအောင် ၁၄/မအန(နိုင်) ၁၇၉၁၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ပ-၆၊ ဦးပိုင်အမှတ်(၇၉)/၄၂ x ၄၃ ကြား၊ ၆၀ x ၆၁ လမ်းကြား မြေကွက်အား ဂရန်အမှုတွဲအမှတ်-(၉၄၅/၈၉-၉၀)အရ ဒုတပ်ကြပ်စိန်ညို MKN-၀၄၄၁၆၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးပေါလှိုင် ၉/မနတ(နိုင်)၀၄၈၁၂၉ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဒေါ်သန္တာဦး နှင့် ဦးကုလား
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ
ဦးမျိုးကျော်သူ)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(နန-၄/၃၄)၊ (ဇ)ရပ်ကွက်နေ ဦးကုလား(ဘ)ဦးအောင်ရီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်သန္တာဦး(၎င်း၏ ကိုယ်စားလှယ်စာရရှိသူ ဦးမျိုးကျော်သူ) က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု ၏နှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန်၊ ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးနိုင်ချမ်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၅၉)၊ မြေကွက်တည်နေရာအမှတ်(၅၉)၊ ဘုရင့်နောင်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်(ဦးသန်းမြင့် AA ၀၁၅၁၆၅)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေအား အမည်ပေါက် ဦးသန်းမြင့်(ဖခင်)နှင့် ဒေါ်လှညွန့်(မိခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် ၎င်းတို့မှမွေးဖွားသည့် သားသမီးများဖြစ်ကြသော (၁) ဦးမိုးမြင့်ဦး ၁၂/လမတ(နိုင်)၀၂၅၅၁၈၊ (၂) ဦးဘုန်းမြင့်ချိန် ၁၂/လမတ(နိုင်)၀၂၅၅၃၇၊ (၃)ဦးလေးမြင့်ဖေ ၁၂/လမတ(နိုင်)၀၂၅၅၁၇၊ (၄) ဦးမင်းမြင့်ထိုက် ၁၂/တတန(နိုင်)၀၅၈၆၈၆၊ (၅) ဦးသူရမြင့်ထွေး ၁၂/လမတ(နိုင်)၀၂၇၂၀၀၊ (၆) ဒေါ်နန်းမြင့်မြင့်ထိုက် ၁၂/လမတ(နိုင်)၀၂၇၂၀၁၊ (၇) ဒေါ်နန်းဇာနည်မြင့်ထွေး ၁၂/လမတ(နိုင်)၀၂၇၁၆၉ တို့မှ မိဘများတွင် မိမိတို့မောင်နှမ(၇)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတို့သာ သားသမီးများတော်စပ်ပါကြောင်း၊ ကွယ်လွန်သူမိဘများသည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်သော်လည်း မကွယ်လွန်မီအချိန်က မည်သည့် သေတမ်းစာမျှ ရေးသားခဲ့ခြင်းမရှိပါကြောင်း၊ အမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့်အညီ မိမိတို့မောင်နှမ(၇)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ကတိသစ္စာပြုလွှာ(၂)စောင်၊ ကျမ်းကျိန်လွှာ၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့ပူးတွဲ၍ ၎င်းတို့(၇)ဦး အနက်ကိုယ်တိုင်နှင့် ကျန်မောင်နှမ(၆)ဦး၏ GP အမှတ်(၁၄၉၂၉/၂၀၂၃) (၂၇-၇-၂၀၂၃)၊ (၁၄၉၂၈/၂၀၂၃)(၂၇-၇-၂၀၂၃)ဖြင့် GP ရသူ ဦးသူရမြင့်ထွေးမှ ပါဝါ၊ ကတိသစ္စာပြုလွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/42672 Canda-110 ယာဉ်လက်ဝယ်ရှိသူ စောနိုင်မင်းဦး ၁၄/ဟသတ(နိုင်) ၂၉၂၆၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၂၃)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၈-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို ၁၉-၁၂-၂၀၁၀ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချသူအဖြစ် ဒေါ်မြင့်မြင့် ၁၂/သကတ(နိုင်)၀၈၀၆၇၄၊ ဝယ်ယူသူများအဖြစ် ဦးစံမင်း ၁၂/တမန(နိုင်)၀၁၆၉၄၅ နှင့် ဒေါ်သိန်းမြင့် ၁၂/တမန(နိုင်)၀၁၆၉၇၀ တို့ ချုပ်ဆိုခဲ့သော အဆိုပါ စာချုပ်မူရင်းသည် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါသည်။ ယခုအခါတွင် ပြန်လည်ရောင်းချတော့မည်ဖြစ်ပါ၍ စာချုပ်အမည်ပေါက် ဦးစံမင်းနှင့် ဒေါ်သိန်းမြင့်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ သက်ဆိုင်သူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B)(စဉ် - ၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်း၊ အမှတ်(၅၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၆-လွှာ(ခေါင်းရင်းခန်း)၊ (တိုက်ရှေ့ မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါ လိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်မျိုးသော်သော်စိုး ၁၂/မဂတ(နိုင်)၀၉၄၁၁၃ နှင့် ဒေါ်ခင်ငြိမ်းချမ်းထွန်း ၁၂/မဂတ(နိုင်)၀၈၈၅၄၅ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ အား အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B)(စဉ် - ၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE-1/တိုးချဲ့-မြောက်)၊ လူနေရပ်ကွက်အမှတ်(UE-1/တိုးချဲ့)၊ ဘီအမ်ပတ်လမ်း၊ မြေကွက်အမှတ်(၂၁၅)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ကြည်စိန်(ITBN-၀၀၁၀၆၉)(၁၂/ အစန(နိုင်)၀၁၁၃၂၁) အမည်ပေါက်မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိပ်ရသေးသော မြေကွက်အမှတ်(၂၁၆)နှင့် ကပ်လျက်(ခေါင်းရင်းခြမ်း) အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးရွှေသိန်း(၁၀/ ပမန(နိုင်) ၀၈၅၆၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မျိုးနိုင် LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)
ဦးတင်ကိုလှိုင် LL.B အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂)
အမှတ်(၇၂)၊မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉

## အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၅)၊ ဦးပိုင်အမှတ်(၁၂)၊ မြေဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏ မှတ်ပုံတင်(၁-က) စာရင်းတွင် ဦးလှငွေးမင်း အမည်ပေါက်ပါသည်။ ဦးလှငွေးမင်းမှ ဦးစိုးခိုင်အောင်နှင့် ဒေါ်သူဇာမိုးထံသို့ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်(၄၀၃/၂၀၂၃)အရ ရောင်းချခဲ့ပါသဖြင့် ဦးစိုးခိုင်အောင်နှင့် ဒေါ်သူဇာမိုးက မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင် အမှုတွဲအမှတ်-၁၁၀/ ဘိုးဘ/၂၀၂၃-၂၀၂၄အရ ဦးလှငွေးမင်း၏အမည်မှ ဦးစိုးခိုင်အောင်နှင့် ဒေါ်သူဇာမိုး ၏အမည်သို့ အမည်ပြောင်းလဲခွင့် လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်းခိုင်လုံသော အထောက်အထား (မူရင်း) များနှင့် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဝင်းအေး
(တရားလွှတ်တော်ရှေ့နေ)
စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)
အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့။
ဖုန်း-၀၉-၄၂၅၃၆၃၈၈၅

## မွေးသက္ကရာဇ်အမှန်

ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ ဂိုင်ဒေါ်ကျေးရွာနေ (ဘ) ဦးဖော်ဂျူလမိုင်၏ သမီး မဂျီးဆိုင်း ၁/မစန(နိုင်) ၀၅၄၃၈၁ ၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၁-၂၀၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အောင်ပန်းတိုင် ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-6မှ မောင်ဘီရှုနား၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးဘောလာနတ် ၅/တမန(နိုင်)၀၃၇၄၉၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်-ဦးဘောလာနတ်

## ဒေါ်ပြုံးရီ (ခ) ဖရီးဒါး၊ အမှတ်(၁၃)၊ နတ်စင်လမ်း၊ (၅)ရပ်ကွက်၊ ကလောမြို့နေသူနှင့် အများသိစေရန်ကြေညာချက်

အမှတ် (၁/၈၈)၊ ပြည်ထောင်စုလမ်းမကြီး၊ ရပ်ကွက်(၁)၊ ကလောမြို့နေ ဦးသောင်း(ခ)မူဘာရက်ရှား ၁၃/ကလန(နိုင်)၀၂၅၂၃၃၊ ဒေါ်ခင်မာမူ (ခ) ဖရီဒါ ၁၃/ကလန(နိုင်)၀၁၁၃၅၁၊ ဒေါ်ခင်မာတင့်(ခ)ဘာနူး ၁၃/ကလန(နိုင်)၀၁၁၃၅၂၊ ဒေါ်ခင်မာမြင့်(ခ) ဝါဟီဒူ ၁၃/ကလန(နိုင်)၀၁၁၃၅၃၊ ဒေါ်နီလာဝင်း(ခ)ရှီမား ၁၃/ကလန(နိုင်)၀၅၆၆၆၇၊ ဒေါ်သီတာဝင်း(ခ)ဇရီးနား ၁၃/ကလန(နိုင်)၀၅၆၆၆၈၊ ဒေါ်ခင်မျိုးထွေး (၁) ဆာဂျေဒါး ၁၃/ကလန(နိုင်)၁၁၉၃၃၅၊ ဒေါ်မေဇင်နို(ခ)တွာဟေရား ၁၃/ကလန(နိုင်)၁၁၉၃၃၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးသောင်း(ခ)မူဘာရက်ရှား ပါ(၈)ဦးတို့၏ ညီအစ်ကို ဦးမျိုးတင့်(ခ)ကိုဖိုးညို(ခ)အက္ကဗရ်ရှား ၁၃/ကလန(နိုင်)၀၁၁၃၅၁ သည် ၃-၈-၂၀၂၁ ရက် ကွယ်လွန်သွားရာ ကွယ်လွန်ချိန်တွင် အမွေစားအမွေခံများအဖြစ် ဇနီးဖြစ်သူ ဒေါ်ပြုံးရီ(ခ)ဖရီးဒါးနှင့် ညီအစ်ကိုမောင်နှမများကျန်ရစ်ခဲ့ပါသည်။ ဦးမျိုးတင့်(ခ)ကိုဖိုးညို(ခ)အက္ကဗရ်ရှား ကွယ်လွန်ချိန် ကျန်ရစ်သော ဥစ္စာပစ္စည်းများမှာ (၁) ကမ္ဘောဇဘဏ်မှ ထုတ်ယူထားသော ငွေသား ၃၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးသောင်းတိတိ)၊ (၂) သမဝါယမဘဏ်မှ ထုတ်ယူထားသော ငွေကျပ် ၆၀၀၀၀၀၀၀/-(ကျပ်သိန်းခြောက်ရာတိတိ)၊ (၃) ဖော်ပြပါ ဘဏ်(၂)ခုရှိ စုဆောင်းငွေလက်ကျန်များ၊ (၄) ရွှေနှင့် လက်ဝတ်လက်စားများ၊ (၅) ကလူဂါကားတစ်စီး ၊ (၆) HONDA ဆိုင်ကယ်(၁)စီးနှင့် တရုတ်ဆိုင်ကယ်(၂)စီး၊ (၇) ကုမ္ပဏီတစ်ခုတွင် ဖက်စပ်ထည့်ဝင်၍ သကြားပါမစ်၊ ကားပါမစ်၊ ခနောက်စိမ်း၊ သစ်ပါမစ်ပြုလုပ်ရန် လွှဲပေးထား ငွေကျပ် ၆၀၀၀၀၀၀၀/- (ကျပ်သိန်းခြောက်ရာတိတိ)၊ (၈) ကိုအီစွပ်ထံ ရှယ်ယာထည့်ဝင် ငွေကျပ် ၂၀၀၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ထောင်တိတိ)၊ (၉) အမှတ်(၁၆)၊ နတ်စင်လမ်း၊ (၅)ရပ်ကွက်၊ ကလောမြို့ရှိ (၆၀' x ၈၀')ရှိ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၅)၊ မြေကွက်အမှတ်(၇)ဟုခေါ်တွင်သော မြေကွက်နှင့် (၂)ထပ်တိုက်၊ (၁၀) အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၃)၊ မြေကွက်အမှတ်(၅) ဟိုတယ်ဆောက်လုပ်ရန် စီစဉ်နေသော မြေကွက်၊ (၁၁) အမှတ်(၄/၄၉)ရှိ မြေကွက်အလွတ် ဦးပိုင်(၂၉/၁)၊ အကွက်နံပါတ်(၁၃) မြေကွက်ကို ကွယ်လွန်သူက ဇနီးဖြစ်သူအမည်ဖြင့် ဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။ ဒေါ်ပြုံးရီ(ခ)ဖရီဒါးသည် အမှတ်(၁၆)၊ နတ်စင်လမ်း၊ (၅)ရပ်ကွက်၊ (၆၀' x ၈၀')ရှိ အိမ်၏ အရှေ့တွင် အခန်း(၂)ခန်းငှားထားသည်။ ထို့ပြင် မြေကွက်အမှတ်(၁၁)၊ အမှတ်(၄/၄၉)ရှိ မြေကွက်တွင်လည်း အခန်း(၅)ခန်းငှားထားကြောင်း တွေ့ရပါသည်။ အဆိုပါ အမွေဆိုင်ပစ္စည်းများကို အစ္စလာမ်တရားတော်နှင့်အညီ တောင်းဆိုရယူထားသော ဓမ္မသတ် ဆုံးဖြတ်ချက်အရ ခွဲဝေရန် တောင်းဆိုခြင်းကို ဒေါ်ပြုံး(ခ)ဖရီဒါးက လက်ခံလိုက်ခြင်းမရှိသဖြင့် ၎င်းအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုထားသည်ဖြစ်ရာ ဒေါ်ပြုံး(ခ)ဖရီဒါးအနေဖြင့် အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းများအားလုံးကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်
B.Com(A.A), D.E.P; R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၅၉)
အမှတ်-၁၉၊ ၁၂၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၁၂၄၁၄၉

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

ဒေါ်သန္တာဦး နှင့် ဦးသိန်းအောင်
(၎င်း၏ကိုယ်စားလှယ်စာရရှိသူ
ဦးမျိုးကျော်သူ)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(နန-၄/၃၃)၊ (ဇ)ရပ်ကွက်၊ ဦးသိန်းအောင် (ဘ) ဦးနီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်သန္တာဦး(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးမျိုးကျော်သူ) က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန်၊ ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးနိုင်ချမ်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/90182 Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင်စိုး ၁၄/ဟသတ(နိုင်) ၃၀၂၈၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/28413 Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ KZ SHIN HTET Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/47792 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၄/ဟသတ(နိုင်) ၀၈၁၇၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/71299 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းသန်း ၁၄/ဟသတ(နိုင်) ၀၄၅၉၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/49561 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၇/တငန(နိုင်)၁၁၅၃၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/78935 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာအေး ၇/ရတရ(နိုင်) ၀၇၀၄၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်73W/55597, Luojia 110 M/Cယာဉ်လက်ဝယ်ရှိသူ ဦးသက်ကိုကိုအောင် ၁၄/ပသန(နိုင်)၂၁၀၂၆၈ ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**







## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာနေ ဦးဘကြယ်၏သမီး ဒေါ်ခင်နွဲ့မူ ၅/မလန(နိုင်)၀၀၈၉၉၁ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၆-၁၉၆၆)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ကင်းတပ်အုပ်စု၊ မော်လိုက်ကလေး ကျေးရွာနေ ဦးဘိုးခင်၏သမီး ဒေါ်တင်အေး ၅/မလန(နိုင်)၀၀၉၂၈၇၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၃-၁၉၆၃) ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးအောင်ဇော်မြင့်၏သမီး ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အထက(တောင်လည်) Grade-4 မှ မလရောင်ချို၏ အမည်မှန်မှာ မယွန်းပြည့်ပြည့်အောင် ဖြစ်ပါကြောင်း။

**မယွန်းပြည့်ပြည့်အောင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အမက (သဖန်းချို) Grade-5မှ မဆုလာဘ်ရတီ၏ ဖခင်အမည်မှန်မှာ ဦးကိုကို ၇/ပခတ(နိုင်)၀၇၆၂၉၁ ဖြစ်ပါကြောင်း။

**ဦးကိုကို**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇.D)၊ မြေကွက်အမှတ်-၁၅ ပေါ်တွင် ဆောက်လုပ်ထားသော အလျား ပေ ၂၀ x အနံ ပေ ၇၀ အကျယ်အဝန်းရှိ မြေညီထပ် (ခေါင်းရင်းခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်နန်းအေးရှန်း (၁၃/လရန(နိုင်)၀၈၆၄၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းဌေးအောင် (၇/ညလပ(နိုင်)၁၁၄၇၁၃) နှင့်**
**ဒေါ်သော်သော်အောင် (၁၂/မရက(နိုင်)၁၂၅၃၇၈)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သန္တာအောင်(အထက်တန်းရှေ့နေ)**
**(စဉ်-၄၈၂၉/၂၀၁၆)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၉၇၂၃၂၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်(၁)၊ သီရိပစ္စာယာလမ်း၊ တိုက်အမှတ်(၇၇)၊ အခန်းအမှတ်(၃၀၂)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသန်းလွင် ၁၂/အလန(နိုင်)၀၀၇၄၀၉ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မေသဥ္ဇာအောင် ၁၁/ဂမန(နိုင်)၀၃၈၃၅၂ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်, မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ် (၂၈၆)၊ အောင်လံလမ်း၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ၊ (၂၄၀၀) စတုရန်းပေရှိ ဦးမောင်မြင့် ၁၂/ဥကတ(နိုင်)၀၄၉၃၂၇ အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်းအောင် ၁၃/မကန(ပြု)၀၁၀၁၆၅ မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမှတ်ပုံတင်မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ် အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၆၄)ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်စိုက်ထူရန်အတွက် လေလံစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် ဈေးပြိုင်လေလံများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်လေလံခေါ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

| | | | |
|---|---|---|---|
| (က) | **လေလံပုံစံရောင်းချမည့်ရက်၊အချိန်** | - | ၁၈-၁-၂၀၂၄ ရက်မှ ၃၁-၁-၂၀၂၄ ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **လေလံတင်သွင်းရမည့်ရက်၊အချိန်** | - | ၂၂-၁-၂၀၂၄ ရက် မှ ၃၁-၁-၂၀၂၄ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) | **လေလံရောင်းချ/တင်သွင်းရမည့်နေရာ** | - | လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော် |
| (ဃ) | **လေလံဖွင့်ဖောက်မည့်ရက်/အချိန်** | - | ၂-၂-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီ |
| (င) | **ဆက်သွယ်ရမည့်ဖုန်း Website** | - | ၀၆၇-၃၄၀၄၂၉၀၊ ၀၆၇-၃၄၀၄၁၇၉ https://www.dsw.gov.mm https://www.moswrr.gov.mm |

**လေလံကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အသင်း၏ Core Structure ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းဆိုင်ရာအတိုင်ပင်ခံ (Consultancy Service for Revision of Core Structure of Myanmar Red Cross Society)ငှားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံများ ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | - | ၁၂-၁-၂၀၂၄ ရက် (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** | | ၂၆-၁-၂၀၂၄ ရက် (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** | | (၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးသန်းဇော်၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်းနံပါတ်-၀၁-၈၃၉၂၈-၃၀ (လိုင်းခွဲ-၁၁၉) ၀၉-၄၂၀၀၉၇၄၀၉ Email:mrcslogistics@ redcross.org.mm |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် ၁၄၇၊ ဦးပိုင်အမှတ် (၄-ခ)၊ ၁၉ x ၂၀ လမ်းကြား၊ ၈၀ x ၈၁ လမ်းကြားရှိ မောင်မောင်ဟန်ညွှန့်၊ ဒေါ်မြမြ အမည်ပေါက် ဘိုးဘမြေကွက်အား၊ ဖခင် ဦးမောင်မောင်ဟန်ညွှန့်(ခ)ဟန်ထွန်း၊ မိခင် ဒေါ်မြမြ သား ဦးရွှေမင်းတို့ ကွယ်လွန်၍ ကျန်ရစ်သောချွေးမ၊ ဇနီးဖြစ်သူ ဒေါ်မြမြသန်း ၉/အမဇ(နိုင်)၀၁၆၈၃၇ က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလင်းဇော်ဝင်း ၉/မမန(နိုင်)၀၈၆၉၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးလင်းဇော်ဝင်းနှင့်ဒေါ်အိအိဖွေး ၅/ကလဝ(နိုင်)၀၃၆၀၁၂ တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်ကြသောကြောင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ၂၀-၁၂-၂၀၂၂ ရက်တွင်ကွာရှင်းမှတ်ပုံတင်စာချုပ်အမှတ်(၂၃/၂၀၂၂)ဖြင့် ပြင်ဦးလွင်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့အပြင် ၁၄-၁-၂၀၂၄ ရက်တွင် လက်ထပ်ပွားပစ္စည်းများအား အသီးသီးခွဲဝေရယူကြပြီးဖြစ်၍ နောက်နောင် ဒေါ်အိအိဖွေးနှင့်သက်ဆိုင်ခြင်း၊ ပတ်သက်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးလင်းဇော်ဝင်း** | **ဒေါ်နွေးနွေးနိုင် (LL.B)** |
| **၉/မမန(နိုင်)၀၈၆၉၄၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၆၃)** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မိုးညှင်းတက္ကသိုလ်
## ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မိုးညှင်းတက္ကသိုလ်၏ ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် **နေ့သင်တန်းမှ** ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မိုးညှင်းတက္ကသိုလ်၏ စတုတ္ထနှစ်၊ တတိယနှစ်ဂုဏ်ထူးတန်းနှင့် မဟာတန်းဒုတိယနှစ် စာမေးပွဲအောင်မြင်သူများအတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့များနှင့် **အဝေးသင်သင်တန်းမှ** ၂၀၂၃ ပညာသင်နှစ် စတုတ္ထနှစ် စာမေးပွဲအောင်မြင်သူများအတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့များကို **တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့များ** လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ (သို့မဟုတ်)အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်သင်တန်းရေးရာဌာနမှ ရယူဖြည့်စွက်ပြီး(၁-၁-၂၀၂၄ )ရက်နေ့မှ (၃၁-၁-၂၀၂၄) ရက်နေ့အထိ (၂" x ၁.၅" ) ပတ်လည်အရွယ်ရှိ ကပ်ခွာ(sticker) ဓာတ်ပုံ(၃)ပုံ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ **တက်ရောက်ဘွဲ့**ယူသူများအတွက် **(၁၅၀၀၀/)(ကျပ်တစ်သောင်းငါးထောင်တိတိ)**နှင့် **အဝေးရောက်ဘွဲ့** ယူသူများအတွက် **(၁၀၀၀၀/)(ကျပ်တစ်သောင်းတိတိ)ဖြစ်ပြီး** မိုးညှင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ကြေး လက်ခံဌာနသို့ ပေးသွင်းရပါမည်။

၄။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေးပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါ သည်။ ငွေပို့လွှာအောက်ခြေတွင် **“ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း”**ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မိုးညှင်းတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင်တင်သွင်းရမည်ဖြစ်ပြီး ဘွဲ့လက်မှတ်လာရောက်ထုတ်ယူသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်ကာလအတွင်းမှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ (သို့မဟုတ်) မြန်မာတိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ရပါမည်။ အမျိုးသားများသည် အနောက်တိုင်းဝတ်စုံ အပြည့်အစုံကို ဝတ်ဆင်လိုပါက ဝတ်ဆင်နိုင်ပါသည်။

၇။ ယခင်နှစ်မှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို မိုးညှင်းတက္ကသိုလ်သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**တင်လှအုန်း**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**မိုးညှင်းတက္ကသိုလ်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ ရွှေတောင်ကြားလမ်း၊ မြမဥ္ဇူခြံနေ ကျွန်တော်ဦးအောင်မျိုးမင်း ၉/ပဥလ(နိုင်) ၀၃၁၇၁၉မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်မိုးလမ်းသွယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်နေ ဒေါ်သဲနှင်းဖြူ ၁၂/သကတ(နိုင်)၁၇၄၄၆၈တို့ သည် ၉-၁-၂၀၁၄ရက်တွင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦးသဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၇-၁-၂၀၂၄ ရက်တွင် အသိသက်သေ နှစ်ဖက်မိဘလူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော် ဦးအောင်မျိုးမင်းနှင့် ဒေါ်သဲနှင်းဖြူတို့သည် အကြင်လင်မယားအဖြစ် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွယ်မှု အလျဉ်းမရှိတော့ကြောင်းနှင့် နောက်နောင်တွင်လည်း တစ်ဦး၏ ကိုယ်ရေးကိုယ်တာ ကိစ္စဟူသမျှကို တစ်ဦးမှဝင်ရောက်စွက်ဖက်ခြင်း၊ နှောက်ယှက်ခြင်း အလျဉ်းမပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးမင်း ၉/ပဥလ(နိုင်)၀၃၁၇၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-IV/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၅၁-ည)၊ မြေဧရိယာ(၀ဒသမ၈၀) ဧကရှိ မြေကွက်အား ဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေးအတွက် ဒေါ်မာလာမြင့် ၉/မရမ(နိုင်)၀၃၇၄၆၂နှင့်ဦးသက်နိုင်ဝင်း ၁၂/ပဘတ(နိုင်)၀၃၂၄၄၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးသို့ ကြေညာပါပြီးရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် (RA-III/ကွက်ပြင်-၃)၊ ဦးပိုင် အမှတ်(၃၅-ဠ) မြေကွက်အမှတ် (383/417-A) မြေဧရိယာ(၀.၁၇)ဧကရှိ မြေကွက်အား ဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေးအတွက် ဦးအောင်ကျော်မြင့်မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံးသို့ ကြော်ငြာပါပြီးရက်မှစ၍(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွတ်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## "တက္ကသိုလ်ရာပြည့်နှစ်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ဖိတ်ခေါ်ခြင်း"

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ တက္ကသိုလ်ရာပြည့်နှစ်အထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲကို **"Transforming Challenges into Opportunities through Research and Innovations: Solutions for the Brighter Future – ပိုမိုတောက်ပသော အနာဂတ်ဆီသို့ စူးစမ်းတီထွင်မှုဖြင့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲလျှောက်လှမ်းစို့"**ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ စာတမ်းဖတ်ပွဲအား ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်တက်ရောက် ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ စိုက်ပျိုးရေစီမံခန့်ခွဲရေး၊ စက်မှုလယ်ယာ၊ လူမှုရေးသိပ္ပံ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များနှင့်ဆက်စပ်သော စာတမ်းများကို တင်သွင်းဖတ်ကြားနိုင်ပါသည်။ တင်သွင်းဖတ်ကြားမည့် စာတမ်းများကို Times New Roman, Font size –12, Line spacing 1.5, Justified, Pages 12–15 ဖြင့် (Hard & Soft copy) များကို စာတမ်းရှင်အမည်၊ ဆက်သွယ်ရန်လိပ်စာ၊ email နှင့် ဖုန်းနံပါတ်အပြည့်အစုံဖော်ပြ၍ (၃၀–၆–၂၀၂၄) (တနင်္ဂနွေနေ့) နောက်ဆုံးထားပေးပို့နိုင်ပါသည်။ အဆိုပါပေးပို့မည့်စာတမ်းများသည် မည်သည့် ပြည်တွင်း၊ ပြည်ပဂျာနယ်များတို့တွင် ပေးပို့ဖော်ပြထားခြင်းမရှိပါကြောင်း စာတမ်း၏ အောက်တွင်ပါရှိရန်နှင့် ရွေးချယ်ခြင်းမခံရပါက စာတမ်းရှင်ထံ အကြောင်းပြန်ကြားပေးမည်ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** – ၇–၁၀–၂၀၂၄ (တနင်္လာနေ့)
**ကျင်းပမည့်အချိန်** – နံနက် ၈:၃၀ နာရီ
**ကျင်းပမည့်နေရာ** – ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
**ဆက်သွယ်ပေးပို့ရန်** – စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
ဖုန်း ၀၉ – ၄၂၀၇၀၉၀၆၃
email : crc2024@yau.edu.mm

**စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ဇေယျာသီရိခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမဇာရီမှုအမှတ် –၁၉

ဒေါ်တင်တင်ဆွေ **နှင့်** (၁) ဦးသွင်ဝင်း
(၂) ဦးစိုင်းဝေလျံဦး

**တရားနိုင်** **တရားရှုံးများ**

(၁) ဦးသွင်ဝင်း၊ (၂) ဦးစိုင်းဝေလျံဦး၊ အမှတ်(၂၇)၊ ယောက်သွားအင်းရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်တင်တင်ဆွေ က ဤရုံးသို့ မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၄ (၁) အရ စာချုပ်မူကြမ်းတင်ပြ၍ အတည်ပြုချုပ်ဆိုပေးရန် လျှောက်ထားသည်ဖြစ်၍၊ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၁နာရီ အချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထား ချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ခရိုင်တရားသူကြီး**
**ဇေယျာသီရိခရိုင်တရားရုံး**

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅ ၊ နည်းဥပဒေ–၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၅

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်) (ယင်းကိုယ်စား လက်ထောက်မန်နေဂျာဦးဝင်းလွင်ဦး) **နှင့်** ၁။ ဒေါ်နီလာဝင်းလွင်
၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက်
(ခ)ဆန္ဒဘုန်းပြည့်မြန်မာ ဂရုအော့ဖ်ကုမ္ပဏီ လီမိတက်
၃။ ဦးပြည့်လင်းအောင်

**(တရားလို)** **(တရားပြိုင်များ)**

ဒေါ်နီလာဝင်းလွင်၊ စိန်ပန်း(၄)၊ တိုက်(၇၀/ခ)၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံး၊ အနော်ရထာရပ်ကွက်၊ ဇေယျာသီရိမြို့၊ နေပြည်တော် (ယခုနေရပ် လိပ်စာမသိသူ) နေသူသိစေရမည်။

သင့်အပေါ်၌တရားလိုက "အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် စိုက်ထုတ်ပေးချေထားသောငွေနှင့် နောက်ကျကြေးငွေနှင့် အတိုးငွေရလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်လေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက (သဲကုန်း)ကျောင်း Grade–8 မှ မမိုးပြည့်သဇင်၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်းအောင် ၁၀/ပမန(နိုင်) ၁၅၉၁၈၂ ဖြစ်ပါကြောင်း။

**ဦးအေးဝင်းအောင်**

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဘန့်ဘွေးကုန်း Grade–6 တွင် ပညာသင်ကြားနေသော နန်းထက်ထက်လင်း၏ မိဘအမည်မှန်မှာ စောသာအွာနှင့် နန်းစုကြည် ဖြစ်ပါကြောင်း။

**စောသာအွာ–နန်းစုကြည်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၆၀၅၊ ဦးပိုင်အမှတ်(၂၁–ဇ/၁၄)၊ ၂၆ x ၂၇ လမ်းကြား၊ ၈၀ x ၈၁ လမ်းကြားရှိ ဒေါ်သိန်းကြည် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးသိန်းဝင်း၊ မိခင် ဒေါ်သိန်းကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူသား သမီးများဖြစ်ကြသော ဦးစောနိုင်ဦး ၉/မရမ(နိုင်) ၀၈၀၂၈၆၊ ဒေါ်ဝင်းဝင်းကြည် ၉/ခအဇ(နိုင်) ၀၀၃၈၅၀ တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ လူနေရပ်ကွက်အမှတ်(ဒက္ခိဏသီရိ)၊ မိုးဝေ(၁၈)လမ်း၊ ဦးပိုင်/မြေကွက်အမှတ်(ဒ–၃၁၂၈၃)၊ မြေအမျိုးအစား–(မြို့မြေ) ဟုခေါ်တွင်သော နှစ်(၃၀) မြေငှားဂရန်တွင် ဦးသီဟမျိုးညွန့် (၁၂/သဃက(နိုင်)၀၀၂၁၇၀) အမည်ပေါက် အလျားပေ(၈၀) x အနံပေ(၈၀)၊ ဧရိယာ (၀.၁၄၆)ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သဇင်နီ (၈/မလန(နိုင်)၀၆၅၁၈၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်အိပြည့်ဉာဏ်ဝင်း (၁၃/တကန(နိုင်)၁၉၈၆၅၃) မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်အိပြည့်ဉာဏ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၈၃၅၁(၁၃–၉–၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေ စဉ်–၅၃၁၅၀ (၃၀–၆–၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၇၂၃၀၉၈၉၂**

## အုတ်စက်ရောင်းရန်ရှိသည်

Concrete Bricks, Blocks နှင့် Paver များ ထုတ်လုပ်နိုင်သော ဂျာမနီနိုင်ငံထုတ် အုတ်စက်နှင့်ဆက်စပ်ပစ္စည်းများ ရောင်းချရန်ရှိပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ် – 09–255113431**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ ကွင်းအမှတ် ၅၉၅–က၊ တရုတ်တန်းကွင်း၊ ဦးပိုင်အမှတ် ၁၃၂၊ ဧရိယာ ၀.၀၈ဧက၊ တရုတ်တန်းလမ်းမပေါ်၊ ကွမ်းသီးတန်းလမ်းနှင့် မောင်းတန်းလမ်းကြားရှိ မြေကွက်အား ဒေါ်သီရိရွှေစင် ၉/အမရ(နိုင်)၀၉၅၁၇၃၊ ဒေါ်နှင်းရွှေစင် ၉/အမရ(နိုင်)၀၉၅၁၇၅ တို့က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9210 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၁၃၉၄)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးချစ်အေး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးစန်း ၉/ပမန(နိုင်)၀၉၂၁၂ မှ ပျဉ်းမနားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊ ကျမ်းကျိန်ဆိုချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက် သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ ပန်းတင်ရပ်ကွက်၊ ကွင်းအမှတ် (၈E)ပန်းတင်ကွင်း၊ ဦးပိုင်အမှတ်(၁၃၆ᵃ)၊ ဧရိယာ (၀ ဒသမ ၉၄)ဧကရှိ လ/န–၃(ခ)ရရှိပြီး မြေပိုင်အခွင့် အရေးရရှိထားသော မြေကွက်အား မူလအမည်ပေါက် ဦးဇော်သိန်း၏အမည်မှ လိုက်ချွင်လိုင်(ခ)ဒေါ်စန်းစန်းငွေ၏ အမည်ဖြင့် ပြောင်းလဲလျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ထိုမြေနှင့် သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လိုက်ချွင်လိုင်(ခ)ဒေါ်စန်းစန်းငွေ ၇/ကပက(နိုင်) ၀၅၄၅၅၂**
**အရှေ့လမ်းမတော်လမ်း၊ ဈေးချိုမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ–၈၊ ဦးပိုင်အမှတ် (၁၆)ခဲစင်းတောင်ဘက်ခြမ်း၊ ၆၇ x ၆၈ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ညောင်ငိုက်နွမ် ၉/မနမ(နိုင်) ၀၉၆၈၁၃ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၅၅၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မင်းဦး ၉/မနမ(နိုင်)၀၇၆၄၈၆ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၄၀၊ ဦးပိုင်အမှတ်(၆၀–ခ)/၃၄x၃၅လမ်းကြား၊၇၇x ၇၈ လမ်းကြားရှိ ဒေါ်စောယုချင်း အမည်ပေါက် ဘိုးဘမြေကွက်အား ၊ ဖခင် ဦးရှန်ချုံစိမ်း၊ မိခင် ဒေါ်စောယုချင်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးရှန်ရှော်ချောင်း ၁၃/ တယန(နိုင်) ၀၁၃၀၄၃၊ ဦးရှန်းရှော်ပြောင်း ၁၃/တယန(နိုင်) ၀၁၃၀၄၄၊ ဒေါ်ရှန်းရှော်ရင်(ခ)ကြူဝင်း ၁၃/တယန(နိုင်)၀၀၀၄၄၉ တို့က ဘိုးဘအမည်ပြောင်း မြေပုံသေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဦးဘခင်လမ်း၊ အမှတ်(၄၃၉)ဟုခေါ် တွင်သော ဦးဇော်ဝင်းထွန်းအမည်ပေါက် နှစ်(၆၀)ဂရန် မြေ၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိသည့်အနက်(ခ)ခြမ်းဖြစ်သော ပေ(၂၀ x ၆၀)မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ထပ်တိုက်သစ်သည် ဦးဇော်ဝင်းထွန်း(၁၂/ဒဂမ(နိုင်)၀၀၆၃၈၀) နှင့်ဒေါ်စန္ဒာ (၁၂/ဥကတ(နိုင်)၁၅၃၀၀)တို့က ၎င်းတို့သည်သာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်အေးအေးနွယ်**
**(၁၂/လမန(နိုင်)၁၀၃၃၁၅)**
**ဒေါ်မာမာအောင်**
**(၁၂/လမန(နိုင်)၁၃၄၅၃၇)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်ဇင်ဦး**
**အထက်တန်းရှေ့နေ(စဉ်–၅၁၃၉၄)**
**ဒေါ်သီရိကိုကို**
**အထက်တန်းရှေ့နေ(စဉ်–၅၃၅၆၀)**
**ဒေါ်ဝါဝါဝင်းသူ**
**အထက်တန်းရှေ့နေ(စဉ်–၅၅၀၁၉)**

**အမှတ်(၂၉၁)၊ရာဇဓိရာဇ်လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၀၈၉၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ–၁၁၉၆)၊ မြေဧရိယာ(၀.၃၃၃)ဧကရှိ ဦးစိုင်းဝန်းတွီ(ဘ)ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၀၆၂၉၇၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးစိုင်းဝန်းတွီသည် လူပျိုကြီးဖြစ်ပြီး (၂၅–၄–၂၀၁၈)ရက်တွင် သေဆုံးခဲ့ပြီး အမည်ပေါက် ဦးစိုင်းဝန်းတွီ၏ မောင်နှမအရင်းများဖြစ်သော ဦးစိုင်းနွံဖူး(ဘ)ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်) ၀၆၃၁၅၃၊ ဒေါ်နန်းစမ်ခမ်း(ဘ)ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၀၈၅၈၀၂၊ ဒေါ်နန်းဖေါင်းဆီ ၁၃/ကတန(နိုင်)၁၁၉၆၇၈၊ ဦးစိုင်းဆွမ်ဝန်း(ဘ)ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၁၁၉၆၇၉တို့ မောင်နှမ (၄)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင် ကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဦးစိုင်းဝန်းတွီတို့၏ သေဆုံးကြောင်းလက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ–၆၆)၊ မြေငှားစာချုပ်မူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း–၁၊ ဦးပိုင်/မြေကွက်အမှတ်(၃၄၀/၆၇၀)၊ ဧရိယာ (၀ ဒသမ ၀၅၅)ဧကရှိ ဒေါ်မြင့်မြင့်မာ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၃၇/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စီစီအောင် ၁၂/ကတတ(နိုင်) ၀၀၆၆၈၆မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးလှမျိုးမောင် ၁၂/ကတတ (နိုင်) ၀၂၁၈၃၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၅/ ၂၀၂၃-၂၀၂၄ တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းက ကက်သုတ်ကြေးနီ (၁၀၀) မက်ထရစ်တန်ကို ပြည်တွင်းကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါကော်မတီက သတ်မှတ်သည့်ဈေးနှုန်းအပေါ် တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် ကမ္ဘာ့သတ္တု ပေါက်ဈေးနှုန်း(LME)ပါ ကက်သုတ်ကြေးနီ တစ်တန်ဈေးနှုန်း (Unknown Price)ကို အခြေခံ၍ ဈေးနှုန်းအများဆုံးပေးသွင်းနိုင်သည့် ကုမ္ပဏီအား တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ ကက်သုတ်ကြေးနီ (၁၀၀) မက်ထရစ်တန်ကို ပစ္စည်းသိုလှောင်ထားရှိရာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း (Mine Site) တွင် သွားရောက်ထုတ်ယူရမည် ဖြစ်ပြီး **သယ်ယူခ၊ ကုန်ကျစရိတ်များကို မိမိတို့အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ရမည်** ဖြစ်ပါသည်။

၄။ (က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပုံစံများကို ၁၈-၁-၂၀၂၄ ရက်မှ ၃၀-၁-၂၀၂၄ရက်အထိ ရောင်းချသွားမည် ဖြစ်ပါသည်။

(ခ) တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန်မှာ ၃၁-၁-၂၀၂၄ရက် (၁၃:၀၀) နာရီဖြစ်ပြီး ယင်းရက်(၁၅:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါ များဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ် (၁၉)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၉၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန(တောင်ကြီး)၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သောဆေးဝါးများအား ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **စတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၁၈-၁-၂၀၂၄ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်ရက်** - ၃၁-၁-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့)

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန (တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၁၀၆၉၊ ၀၉-၇၅၀၆၇၈၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၈၉၉)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးလှသိန်း (ဘ) ဦးထွန်းကြည် ၉/လဝန(နိုင်)၀၂၀၁၃၆ အမည် ပေါက်ပါမစ်မြေကွက်ကို ဒေါ်အိသန္တာထွန်း (ဘ) ဦးရဲမြင့် ၁၂/လသယ(နိုင်)၀၅၄၀၉၄ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့၍ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ-၁၁၈၈)၊ မြေဧရိယာ ၀ ဒသမ ၃၃၀ ဧကရှိ ဦးစိုင်းဝန်းတို့ (ဘ) ဦးစိုင်းတစ်အောင်၊ ၁၃/ကတန(နိုင်)၀၆၂၉၇၂ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဦးစိုင်းဝန်းတို့သည် လူပျိုကြီးဖြစ်ပြီး ၂၅-၄-၂၀၁၈ ရက်တွင် သေဆုံးခဲ့ပြီး အမည်ပေါက် ဦးစိုင်းဝန်းတို့၏ မောင်နှမအရင်းများဖြစ်သော ဦးစိုင်းနွံဖူး (ဘ) ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၀၆၃၁၅၃၊ ဒေါ်နန်းစမ်ခမ်း (ဘ) ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၀၈၅၈၀၂၊ ဒေါ်နန်းဖေါင်းဆီ ၁၃/ကတန(နိုင်)၁၁၉၆၇၈၊ ဦးစိုင်းဆွမ်ဝန်း (ဘ) ဦးစိုင်းတစ်အောင် ၁၃/ကတန(နိုင်)၁၁၉၆၇၉တို့ မောင်နှမ(၄)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်တရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ဦးစိုင်းဝန်းတို့၏ သေဆုံးကြောင်း လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆)၊ မြေငှားစာချုပ်မူရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၍ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက်
## ဧရာဝတီတိုင်းဒေသကြီး
## ပုသိမ်မြို့
## (၁၅)ကြိမ် လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံများအား မျက်မြင်မြေပြင်ရှိအနေအထားအတိုင်း ချိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ပိုင် လပွတ္တာမြို့နယ် လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့် (အလျား ၃၇' x အနံ ၄၆' x အမြင့် ၅၅') အုတ်ခင်းအုတ်ကာသွပ်မိုး (၄ ထပ် ၅ လွှာ) အဆောက်အအုံ

(ခ) ပုသိမ်မြို့၊ ကမ်းနားလမ်း၊ အမှတ်(၂) နယ်မြေ၊ ထုံးဘိုရပ်ကွင်းအမှတ်(၆၀) ထုံးဘိုဦးပိုင်အမှတ်(၅၂၊ ၅၃)၊ ဧရိယာဧက ၀ ဒသမ ၁၇ မြေပေါ်တွင် တည်ဆောက်ထားသည့်(အလျား ၃၀' x အနံ ၂၀'၊ အမြင့် ၂၅') (၂ထပ်တိုက်)နှင့် မြေကွက်အပါအဝင် ခြံဝင်းအတွင်း တည်ဆောက်ထားသည့် အဆောက်အအုံများ

(ဂ) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ပဒင်းတန်းလမ်း(အလျား ၉၀' x အနံ ၄၀' x အမြင့် ၁၈') အုတ်ခင်းအုတ်ကာသွပ်မိုး($၁\frac{၁}{၂}$)ထပ် အဆောက်အအုံ

(ဃ) ကျောင်းကုန်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ရန်ကုန်-ပုသိမ်ကားလမ်းမ၊ မိုင်တိုင်အမှတ် ၆၆/၄ အနီး၊ ကွင်းအမှတ် ၃၈၅-A ဆူးပဒေါင်းမြောက်တွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မန်းရတနာကျော်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သော ထက်ရောခတ်မြေသြဇာ (အရော) စက်ရုံ၊ စက်ပစ္စည်းများနှင့် အဆောက်အအုံများ

၂။ **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၉-၁-၂၀၂၄ ရက်မှ ၂၄-၁-၂၀၂၄ ရက်
**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၂၄-၁-၂၀၂၄ ရက် (၁၆:၀၀)နာရီ
**လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - ဧရာဝတီတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်၊ ရွှေစေတီလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့

၃။ အာမခံစပေါ်ငွေသိန်း(၅၀၀)ပေးသွင်းပြီး ပေးသွင်းထားသည့်အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့၊အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီးလေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံ လျှောက်လွှာပိတ်သိမ်းမည့်ရက် ၂၄-၁-၂၀၂၄ ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံးတွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ၊ လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၄။ လေလံလျှောက်လွှာပိတ်သိမ်းမည့်နောက်ရက် ၂၅-၁-၂၀၂၄ ရက်(၁၀:၀၀)နာရီတွင်လေလံ ဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါကအောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း (၀၉-၅၂၀၁၄၁၉၊၀၉-၈၅၅၀၅၈၇၊ ၀၉-၅၂၀၂၁၇၉၊
၀၉-၄၂၂၄၇၇၆၀၄၊၀၉-၄၂၂၅၄၅၈၇၄)

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါအမှတ် (၂/ ၂၀၂၃-၂၀၂၄)ဖြင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကက်သုတ် ကြေးနီ (၂၀၀)မက်ထရစ်တန်အားပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်သည့် နေ့တွင်ရှိမည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange-LME)ပါ ကက်သုတ်ကြေးနီတစ်မက်ထရစ်တန်ဈေးနှုန်း (Unknown. Price)အပေါ်တွင် အခြေခံ၍ သတ်မှတ်မည် ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား(LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန် ဒေါ်လာဖြင့်ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေး အများဆုံးပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကိုတင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ ကက်သုတ်ကြေးနီများကိုပစ္စည်းသိုလှောင်ထားရှိရာ လက်ပံတောင်း တောင်ကြေးနီစီမံကိန်း (Mine Site)တွင် သွားရောက် ထုတ်ယူရမည်ဖြစ်ပြီး သယ်ယူခတင်ချခစရိတ်များအတွက် ကျသင့်ငွေများကို ပြည်တွင်းရှိကြေးနီ ကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်များမှ မိမိတို့ အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၃၁-၁-၂၀၂၄ ရက် မွန်းလွဲ (၁၄:၀၀)နာရီဖြစ်ပြီး ယင်းနေ့ ညနေ (၁၅:၀၀) နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ခတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီး ဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇- ၃၄၀၉၃၇၈ နှင့် ၀၆၇- ၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၁၄)လမ်း၊ အမှတ်(F/၁၀၁)ဟု ခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဒုရဲမှူးအောင်သန်း အမည်ဖြင့် စလစ်ပြေစာအမည်ပေါက် ပေ(၄၀ x ၆၀) အကျယ်ရှိ ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ လက်ရှိပိုင်ရှင်ဟု အဆိုပြုရောင်းချသူ ဦးသက်ချိုဦး ၁၂/ပဘတ(နိုင်)၀၁၇၄၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၎င်းအား ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၈၄၂၃၇၉၅**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်းသွယ်လမ်း၊ တိုက်အမှတ်(၂၁/က)၊ မြေညီထပ်(ထပ်ခိုးပါ)၊ (၁၈ x ၅၄)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမင်းဇော် ၇/တငန(နိုင်)၀၉၉၀၉၉ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်အေးမွန်မွန်မြင့် ၅/စကန(နိုင်)၀၁၇၈၁၆ က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/ ၂၀၁၉) |

တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူခဲ့ပြီး အမည်ပြောင်းလျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာ ဦးအောင်ဇော်ဝင်း MDW-၂၄၈၂၈၂(ရှိုင်းဆောက်လုပ်ရေး)(မှ) ဦးသက်နိုင်ဦး ၁၂/ကတတ(နိုင်)၀၂၃၂၅၃ (မှ) ဒေါ်သီတာဝင်း ၁၂/ကတတ(နိုင်)၀၀၂၂၆၂၇(မှ) | ဦးထွန်းဝင်း ၁၂/သဃက(နိုင်)၁၃၉၆၆၈ | တိုက် (၁၆၇)၊ အခန်း (၈လွှာ/ယာ)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ် |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ်(၅) ရပ်ကွက်၊ကုန်သည်လမ်း၊ အမှတ် (၁၀၂/၅)၊ စန္ဒာသီရိကွင်း၊ အကွက်အမှတ် (၁၀)၊ ဦးပိုင်အမှတ် (ခ/၁၁၇)၊ ဧရိယာဧက ၀ ဒသမ ၀၁၅ ဧက၊ ဘိုးဘပိုင်မြေ၊ ဒေါ်အေးအေးသန်း အမည်ပေါက်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးသန်း ၁၄/လပတ (နိုင်)၀၄၉၅၁၃ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အပြီးသတ် အရောင်းအဝယ် ဆက်လက်ပြုလုပ်ရန်ရှိသည့်အတွက် ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရှိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်ဦး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၁၇၁**
**အမှတ် (၁၂/၅)၊ နန္ဒဝန်လမ်း၊ အမှတ် (၅) ရပ်ကွက်၊ လပွတ္တာမြို့။**
**ဖုန်း-၀၉-၆၆၀၁၁၁၀၀၄၊ ၀၉-၂၅၀၄၄၇၅၁၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6668 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၆၇၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်မြင့်ကြည် အမည်ပေါက် ပါမစ် မြေကွက်အား ဒေါ်ထိုက်ထိုက်ဝင်းဖေ ၁/မကန(နိုင်)၁၀၄၂၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၍ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် ဒ-၃၁၇၃၇၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးကျော်ကျော်လွင်ဦး (ဘ) ဦးတင်လှ ၁၂/သကတ(နိုင်)၀၄၁၀၆၄ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကျော်ကျော်လွင်ဦးထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲအပ်စာအမှတ် (၁၈၂၆/၂၀၂၁) (၄-၂-၂၀၂၁)ရရှိထားသူ ဒေါ်ဖြူဖြူအောင် (ဘ) ဦးရွှေခင် ၇/ကကန (နိုင်)၀၂၆၁၈၈မှ ဦးကျော်ဆုသွေး (ဘ) ဦးဝင်းရွှေ ၁၂/မရက(နိုင်)၁၇၁၂၆၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၍ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မိုးညှင်းမြို့၊ အထကခွဲ (နားခါ) Grade-5 တွင် ပညာသင်ကြားနေသော မောင်ဖြိုး ဇေယျာဟိန်းအား မောင်မင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၈- ၁၀- ၂၀၁၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၆/သရခ (နိုင်) ၀၃၃၅၇၃ ကိုင်ဆောင်သူ ဒေါ်သန်းဌေးနှင့် ဒေါ်သန်းသန်းဌေးသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ယဉ်ယဉ်ဌေး ၉/မကန(နိုင်)၁၆၄၂၅၀ ၏ ဖခင် ဦးဗျာဆာ နှင့် ဦးဗျာစသည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/7418 Toyota Isis ZNM 10, Mini Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၂/ဒဂဆ(နိုင်)၀၀၀၀၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးတင်အောင် ၁၀/မလမ(နိုင်)၀၀၅၉၇၆၏ သားသမီးများဖြစ်ကြသော နော်ခင်အေးဆင့် ၁၀/မလမ(နိုင်)၁၂၇၂၆၇ နှင့် စောဇော်လင်း ၁၄/ပသန(နိုင်)၂၀၀၈၉၃ တို့သည် မိဘစကားနားမထောင်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

**ဦးတင်အောင်၊**
**၁၀/မလမ(နိုင်)၀၀၅၉၇၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
### ၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
### (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း ကျပ် | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) | (၅) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| (ခ) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | (၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) ဒုတိယဦးစီးမှူးရာထူးနေရာအတွက် အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ နိုင်ငံတကာဆက်ဆံရေး ပညာဘွဲ့နှင့် စီးပွားရေးပညာဘွဲ့ရရှိသူများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။
(ဃ) သတ်မှတ်ချက်များနှင့်ကိုက်ညီသူသည် ရာထူးနေရာနှစ်ခုစလုံး လျှောက်ထားခွင့်ရှိသည်။
(င) ၁၇-၁-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၇) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ရွေးချယ် ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့်သင်တန်းများသို့ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(စ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
(ဆ) ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ် ရေးထိုးရမည်။
(ဇ) လျှောက်ထားသူသည် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများမဖြစ်စေရ။ (ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် ခဲ့ဖူးပါက (သို့မဟုတ်) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူပူးတွဲ တင်ပြရမည်။)

၃။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို NSPNC Website Page (www.nspnc.gov.mm) တွင် Download ရယူပြီး လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြရမည်။
၄။ လျှောက်လွှာကိုညွှန်ကြားရေးမှူးချုပ်၊အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဦးစီးဌာန၊ ဉာဏအောင်မြေလမ်းနှင့် မဟာသုခလမ်း ထောင့်၊ ဇလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ ၈-၂-၂၀၂၄ ရက်နေ့အရောက် လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော် လည်းကောင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။
၅။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက် စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။
၆။ အထက်ပါရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်-
(က) **ဒုတိယဦးစီးမှူးရာထူးရေးဖြေစာမေးပွဲ** - ၂၀-၂-၂၀၂၄ ရက်နေ့ (နံနက်ပိုင်း)
(ခ) **အငယ်တန်းစာရေးရာထူးရေးဖြေစာမေးပွဲ** - ၂၀-၂-၂၀၂၄ ရက်နေ့ (မွန်းလွဲပိုင်း)
၇။ ရေးဖြေအောင်မြင်သူများကိုသာ ၂၁-၂-၂၀၂၄ ရက်နေ့တွင် လူတွေ့နှင့် ကွန်ပျူတာစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
၈။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲကျင်းပပြုလုပ်မည့် အချိန်နှင့်နေရာတို့ကို NSPNC Website Page (www.nspnc.gov.mm) တွင် ကြေညာသွားမည် ဖြစ်ပါသည်။
၉။ အသေးစိတ်သိရှိလိုပါက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှုဦးစီးဌာန၊ အုပ်ချုပ်ရေး၊စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းရေးရာဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၁၃၃၃၅၂ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဃ-၁၊ ဦးပိုင်အမှတ် (၄)/၆၄ x ၆၅ လမ်းကြား၊ မနော်ဟရီလမ်းရှိ ဒေါ်ငွေသောင်း (သမီး)၊ ဒေါ်ခင်ခင်ထွေး အမည်ပေါက် ဂရန်မြေကွက်အား မိခင် ဒေါ်ငွေသောင်း ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူသမီး ဒေါ်ခင်ခင်ထွေး ၉/မရတ (နိုင်)၀၈၈၄၈၉ က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် လှူဒါန်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/2099 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသရဖီ(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ တိုက်အမှတ် (H-148)၊ လူနေရပ်ကွက်အမှတ်- FMI City၊ မြေကွက်အမှတ်-၂၂၊ မြေအကျယ် အဝန်း(အလျား ၆၀ ပေ x အနံ ၈၀ ပေ)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ ဒေါ်ဝင်းပပအမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်ကိုညီညီ ၁၂/အစန(နိုင်)၀၈၄၈၈၇ မှ လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာလွင် ၉/ခမစ(နိုင်)၀၀၇၄၅၇ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၄၉၄/၃၁-၈-၂၀၂၀)**
**တိုက်အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၆၅၄၇၉၆၈၆၊ ၀၉-၄၅၃၀၃၁၀၁၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ ရောဝတီလမ်းပေါ်ရှိ ကွင်းအမှတ်(၆၇၅)၊ မြေယာအမှတ် (၄၃၆)၊ ဦးပိုင်အမှတ်(၁၇၃/စ-၁)၊ မြေဧရိယာ ၀ ဒသမ ၄၀ ဧကအား မူလလုပ်ကိုင်သူ ဦးဇော်ထွန်းက ၁၁-၁၁-၁၉၉၉ ခုနှစ်တွင် ဒေါ်သီတာဝင်း ၁၂/ဗဟန(နိုင်)၀၀၇၂၈၇ သို့လည်းကောင်း၊ ဦးပိုင်အမှတ်(၁၇၃/စ-၂)၊ မြေဧရိယာ ၀ ဒသမ ၄၀ ဧကအား ဦးလှဖုန်းမြင့် ၁၂/ဗဟန(နိုင်) ၀၀၇၂၈၅ သို့လည်းကောင်း၊ ယင်းနေ့တွင် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဦးလှဖုန်းမြင့်ထံမှ ဦးပိုင်အမှတ် (၁၇၃/စ-၂)၊ မြေဧရိယာ ၀ ဒသမ ၄၀ ဧကအား ဒေါ်သီတာဝင်းမှ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်သီတာဝင်းမှ ၎င်းပိုင်ဆိုင်သော ဦးပိုင် အမှတ်(၁၇၃/စ-၁)၊ မြေဧရိယာ ၀ ဒသမ ၄၀ ဧကနှင့် ဦးပိုင်အမှတ်(၁၇၃/စ-၂)၊ မြေဧရိယာ ၀ ဒသမ ၄၀ ဧကတို့အား ၂၅-၈-၂၀၂၃ ရက်တွင် ဒေါ်နန်းမိုးခမ်း ၁၃/မမတ(နိုင်)၀၃၅၂၀၄ ထံသို့ ရောင်းချခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ယခုဒေါ်နန်းမိုးခမ်း လက်ရှိပိုင်ဆိုင်သည်ဆိုသော မြေဧရိယာထဲမှ မြေနေရာခွဲစိတ် သတ်မှတ်ပြီးဖြစ်သော အကွက်အမှတ်(E)၊ အကျယ်အဝန်း ပေ(၄၀ x ၁၁၇)ပေ အကျယ်ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများရှိပါက မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လွှဲပြောင်းရောင်းဝယ်မှုအား ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၁၁၈**
**အမှတ်(၄၁/ဆ)၊ ခရေလမ်းသွယ် အနော်ရထာလမ်းမကြီး၊**
**ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့။ ဖုန်း၀၉-၇၉၈၉၂၁၆၄၁/၀၉-၄၂၈၃၁၈၁၈၅**

## အများသိစေရန် ကြေညာခြင်း

မိုးကုတ်မြို့၊ အရှေ့ရွာရပ်နေ (ဘ)ဦးကြိုင်၏ သမီးဖြစ်သူ မအိစိုး(ခ) မစိုးစိုးဝင်း ၉/မကန(မိုင်)၀၉၁၁၉၂ နှင့် (ဘ)ဦးအောင်ငွေ၏ သမီးဖြစ်သူ မတာ(ခ)မချိုမာမြင့် ၅/အရတ(နိုင်)၀၈၅၇၄၅ တို့၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မအိစိုး(ခ)မစိုးစိုးဝင်းသည် အထက်ပါ နေရပ်လိပ်စာတွင် နေထိုင်ပြီး Social Network တစ်ခုဖြစ်သော facebook တွင် Phoenix May အမည်ဖြင့် Account ဖွင့်၍ သော်လည်းကောင်း၊ မတာ(ခ) မချိုမာမြင့်သည်လည်း Cho Mar Myint အမည်ဖြင့် Account ဖွင့်ကာ ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်ငန်းများကို တရားဝင်လုပ်ငန်း လိုင်စင်ဖြင့် လုပ်ကိုင်နေသူများ ဖြစ်ကြပါသည်။ အဆိုပါ ကျွန်ုပ်မိတ်ဆွေဖြစ်သူများမှ ဖွင့်လှစ်ထားသည့် Accounts များမှ တင်ထားသည့် Posts များ၏ အောက်တွင်ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူများ၏ Accounts များသို့ tag တွဲ၍ ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူများ ကိုင်ဆောင်သည့် ဖုန်းနံပါတ်များသို့ဖြစ်စေ မည်သူမဆို ကျွန်ုပ်မိတ်ဆွေဖြစ်သူများ ထိခိုက်နစ်နာစေရန်၊ အနှောင့်အယှက်ဖြစ်စေရန်၊ အသရေပျက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းစေရန် ရည်ရွယ်၍ comment များ ရေးသားခြင်း၊ အသရေပျက်စေသော စကားရပ်များ၊ ခြိမ်းခြောက်သည့် စကားရပ်စာသားများပါသည့် messages များအား စွပ်စွဲပြောဆိုရေးသား ပေးပို့ခြင်း၊ မဟုတ်မမှန်သည့် သတင်းအချက်အလက်များအား ပြုလုပ်ရေးသား ဖြန့်ချိခြင်းများကို ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးလပြည့်နိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၅၁)**
**၈၂/၃၆၊ မြို့လယ်ရပ်၊ မိုးကုတ်မြို့။ ဖုန်း-၀၉-၄၄၄၀၀၂၆၅၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁

ဒေါ်သန္တာဦး နှင့် ဦးစောတင်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာ
ရရှိသူ ဦးမျိုးကျော်သူ)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(နန-၄/၄၅)၊ (ဇ)ရပ်ကွက်နေ ဦးစောတင်(ဘ)ဦးစောမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်သန္တာဦး (၎င်း၏ အထွေထွေကိုယ်စားလှယ်စာ ရရှိသူ ဦးမျိုးကျော်သူ) က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## Myat Mingalar Residence Condominiumနှင့် စပ်လျဉ်း၍ ၅-၁၂-၂၀၂၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြိုးဖြိုး၏ အများသိစေရန်ကြော်ငြာအတွက် တုံ့ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၃၁၆ နေ ဦးဇာဏီထွန်း ၁၂/လမတ(ဧည့်)၀၀၁၁၂၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ကြေညာကာ အများသိစေအပ်ပါသည်-

၁။ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြိုးဖြိုး၏ အများသိစေရန် ကြေညာချက်၏ အပိုဒ် (ဂ)၊ အပိုဒ်ခွဲ (၁)ဖော်ပြထားသော **Myat Mingalar Residence Condominium ရှိ 4th Floor, Unit-A၊** ဧရိယာ (၁၉၆၂) စတုရန်းပေ တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေက ၁၈-၉-၂၀၂၀ ရက်စွဲပါ အရောင်း အဝယ်ကတိ စာချုပ်ဖြင့် အပြီးအပိုင် ဝယ်ယူခဲ့ပြီး ယနေ့တိုင်လက်ရှိထား ပိုင်ဆိုင်နေထိုင်ပါ သည်။

၂။ ထိုသို့ ကျွန်ုပ်မိတ်ဆွေ ဦးဇာဏီထွန်းလက်ဝယ်ထားပိုင်ဆိုင်သူရှိသော တိုက်ခန်းအား အမှန် တကယ်ပိုင်ဆိုင်ခြင်းမရှိတော့သော ဦးဇော်မန်လထော်+၁ နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (အင်းယားလမ်းဘဏ်ခွဲ)တို့ ပြုလုပ်ချုပ်ဆို ခဲ့သော (ရက်စွဲဖော်ပြထားခြင်းမရှိသော) စာချုပ်မှာ ကျွန်ုပ်မိတ်ဆွေ ဦးဇာဏီထွန်း အပေါ် အကျိုးတစ်စုံတစ်ရာသက်ရောက်မှုမရှိကြောင်း တုံ့ပြန်ဖြေရှင်း အပ်ပါ သည်။

၃။ လူကြီးမင်း၏ကြေညာချက်သည် ကျွန်ုပ်မိတ်ဆွေ၏ တိုက်ခန်းပိုင်ဆိုင်မှုအား အများသူငှာ ထင်ယောင်/ထင်မှားဖြစ်စေသည့်အတွက် ယင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုအပ်ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေ ဦးဇာဏီထွန်းပိုင်သော အထက်အပိုဒ်(၁)ပါ တိုက်ခန်းအား ဦးဇော်မန်လထော် + ၁ တို့က ၎င်းတို့၏ပိုင်ဆိုင်မှုတွင် ထည့်သွင်းကာ ဘဏ်၌ ပေါင်ထားသော စာချုပ်အားကိုယ်တိုင် မြင့်တွေ့ခဲ့ရပါလျှင်လည်း ထိုကဲ့သို့ ဆောင်ရွက်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားရှိကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇာဏီထွန်း** | **ဦးမျိုးသူရအောင် (LL.B)** |
| **၁၂/လမတ(ဧည့်)၀၀၁၁၂၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၄၈)** |
| | **အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း--၀၉-၄၄၃၁၁၃၂၁၁** |

## ခြံမြေပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ရဲစုအနောက်တော၊ ကွင်းအမှတ် (၅၂၅/ခ)၊ ဦးပိုင်အမှတ် (၃၅/ခ)ရှိ ဧရိယာ ၆ ဒသမ ၀၀ ဧကအနက်မှ "B" အမှတ်အသားရှိ ဧရိယာ ၂ ဒသမ ၀၀ ဧကမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနတွင် ဒေါ်ခင်စီ (ဘ)ဦးဘိုးလွန်း ၁၂/မရက(နိုင်)၀၁၀၅၀၃ အမည်ဖြင့် တည်ရှိလျက်ရှိပါသည်။ ၎င်းခြံမြေကွက် အမည်ပေါက် ဒေါ်ခင်စီကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒီကျော်စိုး (ဘ)ဦးကျော်စိုး ၉/မကန(နိုင်)၀၈၆၄၅၀ သည် ၁-၁၂-၂၀၂၃ ရက်စွဲဖြင့် မြေကွက်အပြီးအပိုင်အရောင်းအဝယ်နှစ်ဦးသဘောတူကတိစာချုပ် ချုပ်ဆိုပြီး လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေခွင့်ပြုချက်တစ်စုံ တစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ဖော်ပြပါ ခြံမြေကွက်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများမပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ ပါက ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော် လည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ နစ်နာမှုကိစ္စအဝဝအတွက်သော်လည်း ကောင်း၊ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကိစ္စအဝဝအတွက်သော်လည်းကောင်း၊ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒီကျော်စိုးတစ်ဦးတည်းသော တရားဝင်ပိုင်ဆိုင် ခြံမြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒီကျော်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါထွန်း** | **တွံတေး ဦးသိန်းဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)** |

**အမှတ်-၂၀၈၊ မဟာဘောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၄၀၆၅၈၉၀၊ ၀၉-၄၂၀၂၆၄၇၂၉**

## အမှန်ပြည့်စွက်ဖတ်ရှုပါရန်

၂-၁၂-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၅) မြစ်ကြီးနားခရိုင်တရားရုံးတော် (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅) ကြော်ငြာတွင် ငြင်းချက်ထုတ်ရန် ဆင့်စာ စာသားအား အမှန်ဖြည့်စွက် ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၉၊ ဦးပိုင်အမှတ်(၇)/၆၂x၆၁ ကြား၊ အနော်ရထာနှင့် အောင်ဇေယျ လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်သန်းငွေရီ ၉/မနမ (နိုင်)၀၅၈၁၄၄၊ ဒေါ်နွယ်နွယ်မြင့် ၉/မနမ(နိုင်)၀၀၇၀၅၁တို့က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ သီရိမာလာအနောက် ရပ်ကွက်၊ အကွက်အမှတ် ၂၀၈၊ ဦးပိုင်အမှတ်(၅၅-ဃ/၁)/ ၂၅x၂၆ကြား၊ သင်္ဂဇာ ချောင်းလမ်းမပေါ်ရှိ ဦးစိုးလွင်၊ ဦးကျော်စိုးမိုး အမည်ပေါက် ဂရန် မြေကွက်အား ဦးကျော်စိုးမိုး(လူပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲ အမည်ပေါက်သူ ဦးစိုးလွင် ၉/အမဇ (နိုင်)၀၄၈၈၄၂ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များတင်ပြ၍ အမွေဆက်နှင့် လှူဒါန်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက် အမှတ် ၂၀/ယခင်ဦးပိုင် ၄၉၊ ယခု ဦးပိုင်အမှတ်(၁၀၇)/၇၃x၇၅ လမ်း ကြား၊ ၁၀x၈လမ်းကြားရှိ မောင်ကံ၊ မမြအမည်ပေါက် အခလွတ်ဂရန်မြေ ကွက်အား အဘိုး ဦးကံ၊ အဘွား ဒေါ်မြ၊ ဖခင် ဦးသိန်းဟန်၊ မိခင် ဒေါ်စလီမာ(ခ)ဒေါ်တူးတို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော မြေး၊ သမီးဖြစ်သူ ဒေါ်အေးအေးသန့်(ခ) ဒေါ်အေးအေးသန်း(ခ)ရှုဟီဒါ ၁၃/မမတ (နိုင်)၀၀၅၃၆၆ က အခလွတ်ဂရန် မူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၂၁၅၃၇)ကို အမည်ပေါက် ဦးစိုးဝင်း (ဘ)ဦးဘငြိမ်း ၉/မထလ(နိုင်)၀၁၅၄၅၅(တရားရှုံး)ကိုယ်စား ဒက္ခိဏခရိုင်တရားရုံး၏ ဘိလစ်စာရေး ဦးကျော်ဇင်သန့် (ဘ)ဦးမြင့်ဇော် ၉/ကဆန(နိုင်)၁၁၅၈၇၆ မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုး ထုတ်ယူခွင့်ပြုပါရန် ဒက္ခိဏခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၃၄/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၄၄/၂၀၂၂၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်(မူရင်း)၊ လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ဖုန်အင်ယန်ကျေးရွာအုပ်စု၊ ဖုန်ကျန်းကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၀ss/ ဖုန်ကျန်း)၊ ဦးပိုင် အမှတ်(၁)၊ မြေအမျိုးအစား(ရွာမြေ)၊ မြေဧရိယာ ၀ ဒသမ ၇၉ ဧကရှိ မြေကွက်အား ဦးမိုက်ကယ်မွန်းအောင် ၁/မကန(နိုင်)၁၁၄၉၂၈ နှင့် ဒေါ်ခေါန်းဂျာအောင် ၁/မကန(နိုင်)၁၂၅၂၂၅ တို့မှ “ဂျာဘွမ်” အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန် အသုံးပြုရန်မြေနေရာအဖြစ် အသုံးပြုနိုင်ရေးအတွက် စက်မှုစီးပွားမြေငှားဂရန်ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုစက်မှုစီးပွားမြေငှား ဂရန်ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းကို ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စက်မှု/စီးပွားမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဆွမ်ပရာဘွမ်မြို့**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့၊ ဈေးနောက်ရပ်ကွက်နေ (ဘ)ဦးမောင်အေး၏သမီး မအေးအေးမိုး ၁၃/ဖခန(နိုင်)၀၇၄၉၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-652662) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၁၉၂၁၈၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မြို့နယ်နေ (ဘ)ဦးစိုးနန္ဒ၏သမီး နန်းအေးအောင် ၁၃/မမန(နိုင်)၀၂၄၃၆၅ (ခ)နန်းအေးအေးအောင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လုံမြို့နယ်၊ ပင်လုံတက္ကသိုလ် သင်္ချိုင်းဘာသာရပ် နောက်ဆုံးနှစ် ဖြေဆိုအောင်မြင်ထားသော ယိင်းလောင်ခမ်း(ခ)မယိင်းလောဝ်ခမ်း ၁၃/ပလတ(နိုင်)၀၁၉၅၈၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ယိင်းလောင်ခမ်း(ခ) မယိင်းလောဝ်ခမ်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/47619 BMW ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက်စံ ၇/အဖန(နိုင်)၁၂၆၅၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/69612 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၃/ဘအန(နိုင်)၄၂၂၅၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀ )
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၃

| | | |
|---|---|---|
| ဦးစိုင်းနော်ခမ်း (၎င်း၏ အခွင့်ရကိုယ်စားလှယ်ဦးမူတူး) | နှင့် | ၁။ ဦးအောင်ခင် ၂။ ဦးမောင်မောင်သိဏ်း(ခ)ဦးတိုး ၃။ ဒေါ်ခင်မာထွေး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

တောင်ကြီးမြို့ နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁၀)၊ နတ်စင်လမ်း၊ အမှတ်(၁၉)နေ (၁) တရားပြိုင် ဦးအောင်ခင်၊ (၂)တရားပြိုင် ဦးမောင်မောင်သိဏ်း (ခ)ဦးတိုး၊ (၃)တရားပြိုင်ဒေါ်ခင်မာထွေး(လိပ်စာတူမောင်နှမများ)(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစိုင်းနော်ခမ်း (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးမူတူး)က "မှတ်ပုံတင် အိမ်မြေအရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့က တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်၌ သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စိုင်းခမ်းလိတ်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြေတိုင်းအခေါ်၊ အကွက်အမှတ်(၁၄)၊ အကွက်အမည် (အစိုးရရပ်)၊ မြေကွက် အမှတ် (၁၇/၆၆)၊ ဦးပိုင်အမှတ်(၇-ခ)၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်အား ဒေါ်နန်းစံနွမ်းမှ မြေငှားဂရန်အမှုတွဲအမှတ်(၁၆၃/၂၀၁၈)ဖြင့် အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်၍ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသည့်သက်သေခံ စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းထွန်းရှိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၅)**
**အမှတ်(၄၀၈)၊ အရှေ့မြို့ပတ်လမ်း၊ မင်္ဂလာဦးရပ်ကွက်၊တောင်ကြီးမြို့။**
**ဖုန်း-၀၉-၅၂၁၆၂၄၄၊ ၀၉-၇၈၅၂၁၆၂၄၄**

## အများသိစေရန်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီး/အေးသာယာ၊ အမှတ်(၃) ရပ်ကွက်၊ အကွက်အမှတ်(၃၇/ကျားပုံရပ်)၊ မြေကွက်အမှတ်(F-16+17)၊ မြေဧရိယာ ၀ ဒသမ ၂၂၁ ဧကဟုခေါ်တွင်သော နှစ်ကွက်တွဲမြေနှင့်အကျိုးခံစားခွင့်များသည် တောင်ကြီးမြို့နယ်(ထွေ/အုပ်)၏ ဂရန်အမှုတွဲအမှတ်(၂၃၅၄/၉၁) ရက်စွဲ ၂၈-၈-၁၉၉၁ မှ နှစ်(၃၀)ထိလည်းကောင်း၊ တစ်နှစ်လျှင်အခွန်ငွေ(၃၀၂၀၀/-)ဖြင့် ၂၁-၆-၂၀၂၃ ရက်မှ ၂၀-၆-၂၀၃၃ ရက်အထိ (၁၀)နှစ် မြေငှားဂရန် ထုတ်ပေးထားသည့် မြေကွက်သည် ဒေါ်ခင်လှဲ့ဖြူ ၉/မမန(နိုင်)၀၀၈၁၃၁ တရားဝင် အမည်ပေါက် လက်ရှိပိုင်ဆိုင်ထားလျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးထားခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းများ လုံးဝမရှိပါ၊ အဆိုပါ နှစ်ကွက်တွဲမြေနှင့် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဒေါ်ခင်လှဲ့ဖြူ သိရှိသဘော တူညီခွင့်ပြုချက်မရှိဘဲ မည်သူမျှ အဆိုပါ မြေကွက်အတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ပေးကမ်း၊ လှူဒါန်းခြင်း စွန့်လွှတ်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ လုံး၀(လုံး၀)မပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှဲ့ဖြူ**
**(၁၀၁/ဋ)လမ်းသာယာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၄၃၀၄၂၂၇၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁

**ကွယ်လွန်သူ ဦးဆရာစိန်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့နယ်ခွဲ၊ နောင်ကားကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဆရာစိန်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နန်းခမ်းလာက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်(၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဆရာစိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နန်းခမ်းလာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## မြစ်ကြီးနားခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၃

| | | |
|---|---|---|
| ဒေါ်ဘောမ်ဝမ် | နှင့် | ဦးယိန်းတိန့် |
| တရားလို | | တရားပြိုင် |

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ နယ်၊ မန်ဝိန်းကျေးရွာ၊ အမှတ်(၄/၂၇)နေ တရားပြိုင် ဦးယိန်းတိန့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဘောမ်ဝမ်က မြန်မာနိုင်ငံလင်မယားကွာရှင်းရေး ဥပဒေပုဒ်မ-၂၂၊ ၂၃ အရ ခင်ပွန်းနှင့် ခွဲခွာနေစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စုစုမာ )
ဒုတိယခရိုင်တရားသူကြီး(၂)
မြစ်ကြီးနားခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဆုဝေသိမ့် ၁၂/သကတ(နိုင်)၁၅၃၈၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-(၁)၊ လူနေရပ်ကွက်အမှတ်-(၁) မြေကွက်အမှတ်-၄၆/က၊ အကျယ် ပေ(၂၀ x ၆၀) မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြကြည် ၁၂/သကတ(နိုင်)၀၄၈၀၄၀ မှ ၎င်းတစ်ဦးတည်းသာ လိုအပ်သလိုစီမံခန့်ခွဲပိုင်ခွင့်ရှိသူဟု အဆိုပြုကာပိုင်ဆိုင်မှု စာရွက်စာတမ်းများပြသ၍ အပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (ခုနစ်)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်တင်ဇာမျိုး(LL.B)** |
| | **(စဉ်-၄၅၂၆၅/၂၀၁၄)** |
| | **ဒေါ်လှဲ့လှဲ့ဝင်းထူး(LL.B)** |
| | **(စဉ်-၄၉၉၀၄/၂၀၁၈)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၁၂၈၇/က၊ ဧရိယာ (၂၀ x ၆၀)ပေ၊ မြေကွက်တည်နေရာ-အမှတ် (၁၂၈၇/က)၊ ခိုင်ရွှေဝါလမ်း၊ ၁၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်အောင် ၁၂/သကတ(နိုင်)၀၅၃၄၄၆၊ ဒေါ်တင်ငွေ ၁၂/သကတ(နိုင်)၀၅၃၄၄၇ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်အောင် ၁၂/သကတ(နိုင်)၀၅၃၄၄၆ (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစုအား ဇနီးဖြစ်သူ ကျန်အမည်ပေါက်တစ်ဦးလည်းဖြစ်သူ ဒေါ်တင်ငွေ ၁၂/သကတ(နိုင်)၀၅၃၄၄၇ မှ အထက်ဖော်ပြပါ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ခင်ပွန်းဖြစ်သူနှင့် မိမိအမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါကြောင်း၊ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးသည့်အချိန်တွင် ခင်ပွန်းအမည်နှင့် မိမိအမည်ဖြင့် ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကျန်ရစ်ခဲ့ရာ တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိက တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရခဲ့ပါကြောင်း၊ မိမိအပြင် အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းနှင့် ကွယ်လွန်သူတွင် မိမိမှ လွဲ၍ အခြားဇနီးမယားလည်း လုံးဝ မရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးကျော်အောင်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ မြေစာရင်း မှတ်ချက်(၁)အရ ၂-၁၂-၂၀၀၉ တွင် ဦးကျော်အောင်+၁ မှ ဘဏ်ချေးမြေပုံကူး လျှောက်ထားခြင်း၊ မှတ်ချက်(၂)အရ (၂၅-၃-၂၀၁၆)တွင် ဘဏ်ချေးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်လီမိတက်၊ မြောက်ဥက္ကလာပဘဏ်ခွဲ(၁)၏ ၁၃-၆-၂၀၂၃ ရက်စွဲပါ စာအမှတ် ချေးငွေ-၃/၁၁၂ဖြင့် ဦးကျော်အောင်(ဇနီး)ဒေါ်တင်ငွေ တို့သည် မြေကွက်အား အာမခံအဖြစ်ပေးအပ်၍ ချေးငွေရယူခဲ့ပါကြောင်း၊ စာရင်းပိုင်ရှင် ဦးကျော်အောင်သည် ၁၀-၁-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ဂရန်အားတရားဝင် ဇနီးဖြစ်သူ ဒေါ်တင်ငွေအမည်ပေါက်ဖြင့် ပြောင်းလဲ လျှောက်ထားရန်အတွက် ပိုင်ဆိုင်စာချုပ် ချုပ်ရန် မြေပုံကူးယူခြင်းအား ဘဏ်ခွဲမှ ကန့်ကွက်ရန်ရှိကြောင်း အကြောင်းကြားစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၇၂ယ/၂၆၂၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ(နိုင်)၁၅၆၁၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၂၄၂၆၁ လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၃/ဘအန(နိုင်)၅၂၄၈၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ မလွှကုန်းငှေးကြွယ်(က)ရပ်ကွက်၊ သူဌေးလမ်း၊ အမှတ်(၁၃)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၅-လွှာ(ဘီ)၊ (တိုက်ရှေ့မျက်နှာမူလျှင်- ညာဘက်)၊ အကျယ်အဝန်း (၁၃ x ၆၀)ပေရှိ တိုက်ခန်းအား ခွဲဝေရောင်းချပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို ကွယ်လွန်သူမြေပိုင်ရှင် (ဦးမြင့်သန်း)မှ ပိုင်ဆိုင်ပြီး မိခင်၊ ဖခင်တို့ ကွယ်လွန်ပြီးနောက် အမွေဆက်ခံသူ သားသမီးများဖြစ်ကြသော ဦးဟိန်းလတ်ဆွေ ၁၂/တမန(နိုင်)၀၉၈၇၇၂ နှင့် ဒေါ်ယဉ်မေအောင် ၁၂/တမန(နိုင်)၁၀၂၈၂၃ တို့မှ ပူးတွဲပိုင်ဆိုင်ခဲ့ကြပါသည်။ ၎င်းနောက် ၁၆-၁-၂၀၂၄ ရက်စွဲပါ ပူးတွဲပိုင်ဆိုင်သော အမွေဆိုင်တိုက်ခန်းအား နှစ်ဦးသဘောတူ အမွေဆိုင်တစ်ဦးထံ ရောင်းချပြီး အမွေဝေစုခွဲဝေခြင်း၊ လက်ခံရရှိခြင်း စာချုပ်ဖြင့် ဦးဟိန်းလတ်ဆွေမှ ဒေါ်ယဉ်မေအောင်သို့ အပြီးအပိုင်ရောင်းချပြီး ဖြစ်ပါသည်။ သို့ပါ၍ ဦးဟိန်းဆွေလတ်သည် ဒေါ်ယဉ်မေအောင်ထံမှ အမွေဝေစုခွဲဝေရရှိပြီးဖြစ်ပါကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု၊ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ခင်ဦး ၁၂/လကန(နိုင်)၂၁၁၉၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဇောတိက (၅)လမ်း၊ အမှတ်(၁၉၄) မြေကွက်ကြီး အမှတ်(၁/န)၊ အလျား၊ အနံ(၂၀ x ၆၀)ပေရှိ ဦးဟန်မြင့် အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေကွက်၏ မြေပေါ်မြေ အောက် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းသန္တာထွန်း ၁၂/လကန(နိုင်)၂၀၃၉၆၀ ထံမှ အပြီးအပြတ် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ မြေကွက်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့ကြေညာပါသည့်ရက်မှစ၍ ပိုင်ဆိုင်မှုမူရင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုကေခိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၃၁၄၉)**
**အမှတ် (၆)၊ ဒုတိယထပ်A၊ မြသီတာလမ်း၊ ကျွန်းမြောက်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၀၉၉၅၉၉**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၂၀၀

ကမ္ဘောဇဘဏ်လီမိတက် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ကမ္ဘောဇဘဏ်လီမိတက် ကမာရွတ်ဘဏ်ခွဲ(၁)မှတာဝန်ခံ ဒေါ်သဇင်သင်း) နှင့် ၁။ ဒေါ်မိုးမိုးထွေး ၂။ ဒေါ်ခင်မာထွေး

**(တရားနိုင်များ)** **(တရားရှုံးများ)**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး(၁)ရုံး၊ ၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၄ တွင် ရရှိခဲ့သောဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**
**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊**
**မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၃)၊ မြေကွက်အမှတ် (၄၀၁)၊**
**ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်**
**အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**
**ကြမ်းခင်းဈေးကျပ်သိန်း(၃၀၀၀)**

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည် နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍(၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(တင်တင်မော်)
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4440 Mitsubishi Fuso FT50JWY Truck ယာဉ် လက်ဝယ်ရှိသူ ဦးမျိုး ၇/ရတန(နိုင်) ၀၉၀၄၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/4895 Suzuki Smash 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းမောင် ၇/ပခတ(နိုင်)၁၁၆၄၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း

မော်လမြိုင်မြို့နယ်၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက် အမှတ်-၅/ ကျိုက်ဖနဲ၊ ဦးပိုင်အမှတ်-၁၄၁/က + ၁၄၁/ခ+ မြေချိန် ဧရိယာ (၀ ဒသမ ၀၁၇ + ၀ ဒသမ ၀၁၇+)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက် ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဒေါ်အေးလှိုင် အမည် ပေါက်လျက်ရှိပြီး မော်လမြိုင်မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ် စာချုပ်အမှတ်-၉၉/၂၀၂၃ ဖြင့် ဦးငွေလွင် ၁၀/မလမ(နိုင်) ၁၆၄၄၄၀၊ ဒေါ်တင်တင်ကြည် ၁၀/ မလမ(နိုင်)၀၀၂၅၀၄၊ ဒေါ်သန်းသန်းဌေး ၁၀/မလမ(နိုင်)၀၀၂၅၀၁ တို့အား အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။သို့ဖြစ်ပါ၍ အထက် ဖော်ပြပါ မြေကွက်အား ဝယ်ယူသူ ဦးငွေလွင်၊ ဒေါ်တင်တင်ကြည်၊ ဒေါ်သန်းသန်းဌေးတို့၏ အမည်ဖြင့် အမည်ပြောင်း လျှောက်ထား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်း များနှင့်တကွ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

---

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ် (၂၃)၊ အကွက်အမည် - ဆန်းချီတောင်အကွက်၊ ဦးပိုင်အမှတ်(၆၈-ဇ)၊ မြေဧရိယာ ၀ ဒသမ ၀၇၄ ဧက အနက်မှ မြေဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ အောက်ဖော်ပြပါအလားအလာ ရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၆၈.ဈ)
( ခ ) အနောက်လားသော် - ဦးပိုင်အမှတ်(၆၈.ဇ)
( ဂ ) တောင်လားသော် - ဦးပိုင်အမှတ်(၆၈.ဆ)
( င ) မြောက်လားသော် - ကမြောကင်းလမ်း

အထက်ဖော်ပြပါမြေကို ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရှိထားသော မြေအမည်ပြောင်းပေးရန် ဦးဝင်းဇော်လွင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ် ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက် သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၆၉)၊ မြေကွက်အမှတ် (၁၈၈၈)၊ အကျယ်အဝန်း ပေ (၄၀ x ၆၀)ရှိ ဒေါ်ခင်အုန်းမြင့် ၁၂/ပဘတ(နိုင်)၀၂၅၁၄၁ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော (၁၀x၆၀)ပေရှိ မြေကွက် (ရှေ့မျက်နှာမူလျှင် ဝဲမှယာသို့ (၃)ကွက်မြောက် မြေကွက်)နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ် ထားသော တစ်ထပ်တိုက် အဆောက်အအုံအပါအဝင် ယင်းနှင့်ပတ်သက်သော မြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မော် ၁၂/သဃက(နိုင်)၁၄၈၁၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းမောင်နု ၁၁/ကဖန(နိုင်)၀၉၀၃၂၆ က ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှေစင်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၀၅)
အမှတ်(၈၀၈)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၄၀၁၅၂၃၂၄၈

---

## ၁၄-၁-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာကြော်ငြာ ၃၁ တွင် ဒေါ်ခင်ငြိမ်းချမ်း ၁၄/မမန(နိုင်)၁၈၈၄၃၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၅၈) ဒေါ်အေးမြင့်မောင် (LL.B, D.B.L) ၏ ဦးမောင်မောင်လွင် ၁၂/ဒလန(နိုင်)၀၆၅၀၃၈ နှင့် အများသိစေရန် ကြေညာခြင်းကို ပြန်လည်ရှင်းလင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးမောင်မောင်လွင်နှင့် ဒေါ်ခင်ငြိမ်းချမ်းတို့သည် ၆-၂-၂၀၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ လက်ထပ် ထိမ်းမြား ခဲ့ကြပါသည်။ ၂၃-၃-၂၀၂၀ ရက်တွင် ဒေါ်ခင်ငြိမ်းချမ်းမှ ရန်ကုန် အနောက်ပိုင်း ခရိုင် တရားရုံးတော်၌ တရားမကြီးမှုဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပေးပါရန်နှင့် လိမ်လည် လှည့်ဖြားသွေးဆောင်ပေါင်းသင်းသဖြင့် နစ်နာမှု လျော်ကြေးငွေကျပ် သိန်း(၁၀၀၀) ရလိုမှုဖြင့် ဦးမောင်မောင်လွင်အား တရားစွဲဆို ခဲ့ပါသည်။ ၁၈-၅-၂၀၂၃ ရက်တွင် နှစ်ဖက်ညှိနှိုင်းမှု အဆင်ပြေခဲ့ကြ၍ နှစ်ဦး သဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ၁၈-၅-၂၀၂၃ ရက်တွင်ပင် မရမ်းကုန်းခရိုင် တရားရုံးတော်၌ ဒေါ်ခင်ငြိမ်းချမ်းမှ ဦးမောင်မောင်လွင်အား တရားစွဲဆိုထားသည့် တရားမကြီးမှုကို ပိတ်သိမ်းပေးခဲ့ပြီး နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းခဲ့ကြပါသည်။ ဦးမောင်မောင်လွင်နှင့် ဒေါ်ခင်ငြိမ်းချမ်းတို့သည် ၂၃-၃-၂၀၂၀ ရက်မှ ၁၈-၅-၂၀၂၃ ရက်အထိ အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ခြင်း မရှိသလို နှစ်ဦးသဘောတူ အကြင် လင်မယားအဖြစ်မှ ကွာရှင်းခဲ့သည့် ၁၈-၅-၂၀၂၃ ရက်မှ ပြန်လည်ရှင်းလင်း ကြေညာသည့် ယနေ့အထိ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ မိဘ၊ ဆွေမျိုးများ ကြားတွင် အကြင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်း၍ အတူတကွ နေထိုင်ခဲ့ခြင်း လုံးဝမရှိခဲ့ပါကြောင်းနှင့် သားဖြစ်သူကို ဖခင်မေတ္တာရင်းနှီးမှု ပေးချင်၍ အတူတကွ တွေ့ဆုံခဲ့ခြင်းသာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာ ကျဆင်းအောင် ထင်ယောင်ထင်မှားဖြစ်စေသည့် စကားလုံး အသုံးအနှုန်း များကို လူမှုကွန်ရက်စာမျက်နှာတို့တွင် ရေးသားဖြန့်ဝေခြင်းများ ထပ်မံ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်လွင် ၁၂/ဒလန(နိုင်)၀၆၅၀၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာနွယ် LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၇၉)**
**အမှတ်-၅၇၈၊ သီရိမြိုင်(၉)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၃၇၁၂၉၃၂**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့ အောင်ဇေယျာ ရပ်ကွက် (၇)လမ်း၊ အမှတ် (၁၀၉)နေ ဒေါ်ခင်မာချို ၈/မကန(နိုင်)၂၀၀၀၇၅ ၏ သမီးဖြစ်သူ မချိုစွာဝင်း(ခ)ချိုဇာဝင်း ၈/မကန(နိုင်)၂၀၀၀၆၆ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခင်မာချို**
**၈/မကန(နိုင်)၂၀၀၀၇၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်းဦး(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်- ၁၇၃၁၁ (၄-၉-၂၀၂၁)**
**မကွေးမြို့။ ဖုန်း-၀၉-၇၇၈၆၃၁၀၄၈**

---

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁/ပုဗ္ဗသီရိမြောက်ရပ်)၊ မြေကွက် အမှတ် (ပ-၃၃၁၁၆)၊ အကျယ်အဝန်း (၆၀ x ၄၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင် သာယာရေးကော်မတီ မြို့ /မြေဌာနတွင် ဦးလှဌေး ၁၂/သကတ(နိုင်)၀၆၉၁၃၂ အမည်ဖြင့် နှစ်(၃၀)အငှားဂရန်စာချုပ်ရရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေ ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အေးအေးအောင် ၉/ကပတ(နိုင်)၁၆၉၉၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုခိုင်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ အထက်တန်းရှေ့နေ (စဉ်-၅၄၁၉၀)**
**အခန်း(၃၅) ရွာတော်၊ မင်္ဂလာဈေး ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၇၄

ဒေါ်ပိုမိုးစံ နှင့် ၁။ ဒေါ်ဌေးဌေး
၂။ ဒေါ်ဝင်းဝင်းမော်
၃။ ဒေါ်မြင့်မြင့်သန်း
၄။ ဦးအောင်ခင်
၅။ ဒေါ်လွင်လွင်မြင့်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်-(၂၄၃/ခ) နေသူများ (၁)တရားပြိုင် ဒေါ်ဌေးဌေး၊ (၂) တရားပြိုင် ဒေါ်ဝင်းဝင်းမော်၊ (၃)တရားပြိုင် ဒေါ်မြင့်မြင့်သန်း (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ်အား မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" စွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင်တို့ ကိုယ်စားလှယ် ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြတ်မြတ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး (၂)
သဃ်န်းကျွန်းခရိုင်တရားရုံး

---

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၉၃)၊ စံပယ်ခြံ(၂)လမ်းနေ ဒေါ်ရှုကြည် (ဘ) ဦးအလင်း ၁၂/လသန(နိုင်) ၀၁၄၀၅၀သည် ဦးနေဝင်း (ဘ) ဦးဝင်းရွှေ ၈/ခမန(နိုင်)၀၉၉၀၄၅၊ ရန်ကင်းလမ်း၊ တိုက်အမှတ်(၆)၊ အခန်း(၇)၊ ရန်ကင်းမြို့နယ် နေသူအား ၆-၁၁-၂၀၁၂ ရက်တွင် ကိုယ်စားလှယ်နံပါတ် ၁၇၇၄၀ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ကြေညာချက် ထုတ်ပြန်သည့်ရက်မှစ၍ ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရှုကြည်**
**၁၂/လသန(နိုင်)၀၁၄၀၅၀**
**အမှတ်(၉၃)၊ စံပယ်ခြံ(၂)လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်။**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ် အဝေးသင် သင်တန်း၊ သင်္ချာ(အထူးပြု) ၂၀၂၃-၄သခ-၂(၀၂၃)ဖြင့်ဖြေဆိုအောင်မြင် ထားသော စိုင်းအောင်ခမ်း၏ဖခင် ဦးစိုင်းခမ်းနွန်း(ခ)ဦးစိုင်းခမ်းနွမ်း ၁၃/မဖန(နိုင်)၀၀၃၃၁၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစိုင်းခမ်းနွန်း(ခ)ဦးစိုင်းခမ်းနွမ်း**

---

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွှေလရောင်တာဝါ၊ ရွှေဟသ်ာအိမ်ရာ၊ ရွှေဟသ်ာလမ်းနှင့် ပြည်လမ်းထောင့်၊ အခန်းအမှတ်(၈၀၁)ရှိ Ayar Jade Co.,Ltd မှ ပိုင်ဆိုင်သည့် DEMAG အမျိုးအစား Mobile Crane (225Ton)၏ Import Declaration (ID)နှင့် Custom Statement စာရွက်စာတမ်း (မူရင်း) များမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**Ayar Jade Co.,Ltd**

---

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁)ရွာမကွေ့၊ ဘုရင့်နောင်လမ်းမကြီး ရှိ Shwe Yaung Pya Agro Co.,Ltd မှ ပိုင်ဆိုင်သည့် LIEBHERR အမျိုးအစား All Terrain Crane (100Ton)၏ Import Declaration (ID)အမှတ် 144991 နှင့် Custom Statement စာရွက်စာတမ်း(မူရင်း) များမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Shwe Yaung Pya Agro Co.,Ltd**

---

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွှေလရောင်တာဝါ၊ ရွှေဟသ်ာ အိမ်ရာ၊ ရွှေဟသ်ာလမ်းနှင့် ပြည်လမ်းထောင့်၊ အခန်းအမှတ်(၈၀၁)ရှိ Ayar Jade Co.,Ltd မှ ပိုင်ဆိုင်သည့် DEMAG အမျိုးအစား All Terrain Crane(360Ton)၏ Import Declaration(ID)အမှတ် 109614နှင့် Custom Statement စာရွက်စာတမ်း (မူရင်း)များမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **Ayar Jade Co.,Ltd**

---

## အမည်မှန်

မြင်းခြံမြို့၊ အမှတ်(၄) အထက ဆဋ္ဌမတန်းမှ ကျောင်းဝင်အမှတ် ဂ/၀၉၈၃ မောင်အောင်ဟိန်းသန့်၏ အမည်မှန်မှာ မောင်ဟိန်းသန့်လင်း ဖြစ်ပါကြောင်း။

**မောင်ဟိန်းသန့်လင်း**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ် အဝေးသင် သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၂၃၊ ၄ပ-၁၀၅(၀၂၃)ဖြင့် ဖြေဆို အောင်မြင်ထားသော မောင်လီဂေါ် ၏ဖခင် ဦးအားချေး(ခ)ဦးလီချို မှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဦးအားချေး(ခ)ဦးလီချို**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မျိုးအင်ကြင်း (ခ) ဒေါ်အောင်မေမေခင် (၁၂/စခန (နိုင်) ၀၀၂၄၈၇) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မျိုးအင်ကြင်း (ခ) ဒေါ်အောင်မေမေခင် (၁၂/စခန (နိုင်) ၀၀၂၄၈၇) နှင့် ဦးမျိုးမင်းနိုင် (ခ) ဦးအောင်ချမ်းသာ (၇/ပမန (နိုင်) ၁၂၈၅၁၅)တို့သည် (၂၀၁၆)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်သဖြင့် (၂၆-၈-၂၀၂၂)နေ့တွင် လှိုင်မြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခဲ့ပါသည်။ ထို့ကြောင့် တစ်ဦး၏ ကိုယ်ရေးကိုယ်တာ ကိစ္စဟူသမျှကို တစ်ဦးဦးက ဝင်ရောက်စွက်ဖက်ခြင်း၊ နှောက်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်း စေမည့်ကိစ္စများ ပြုမူ၊ ပြောဆိုဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ စာရပေကျေးရွာအုပ်စု၊ စာရပေ (ရှေ့)ကျေးရွာနေ (ဘ)ဦးအုန်းလွင်၏သား ကျွန်တော် မောင်ဇော်အောင် ၈/ဆပ၀(နိုင်)၀၇၃၇၀၃ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ်(MD-559461) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၄၂၃၁၇

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ရွာမကျေးရွာနေ (ဘ)ဦးသောင်းစိန်၏သမီး ကျွန်မ မလင်းလင်းအောင် ၈/တတက(နိုင်)၂၁၄၃၃၆ ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (MC-224586) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၅၈၂၃၉၅၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၃၁၈၂ Kenbo-110 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

# သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ **YUNNAN YUNTIANHUA COMPANY LIMITED** သည် အောက်ဖော်ပြပါ **"Three Circles"** ကုန်အမှတ်တံဆိပ်၏တစ်ဦးတည်းသော တရားဝင်ပိုင်ရှင်ဖြစ်ပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၆၃၀၇/ ၂၀၀၃) ဖြင့် မှတ်ပုံတင်၍ အရည်အသွေးကောင်းမွန်သောဓာတ်မြေသြဇာနှင့်ဆက်စပ်ထုတ်ကုန်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၂၀၀၃ ခုနှစ်မှ ယနေ့အချိန်အထိ ကိုယ်ပိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉)အရ အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် မူပိုင်ခွင့်ဦးစီး ဌာနတွင်လည်း ပြန်လည်မှတ်ပုံတင်လျှောက်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ **Yunnan Yuntianhua Company Limited** သည် အောက်ဖော်ပြပါ **"Three Circles"** အမှတ်တံဆိပ်ဖြင့် သုတေသနနှင့် သိပ္ပံနည်းကျသုံး၊ စက်ရုံအလုပ်ရုံသုံး ဓာတုဗေဒကုန်ကြမ်းပစ္စည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံ လုပ်ငန်းသုံး ဓာတုဗေဒကုန်ကြမ်းပစ္စည်းများ၊ အစားအစာ တာရှည်ခံသုံး ဓာတုပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံး ammoniacal salts, ammonium salts, ammonia (volatile alkali), salts [chemical preparations], salts of alkaline metals; salts for industrial purpose, phosphorous, phosphates [fertilizers] များကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းနှင့် ဈေး ကွက်ရှာဖွေခြင်းတို့တွင် အသုံးပြုလျက်ရှိပြီး၊ အများပြည်သူတို့၏ နှစ်ခြိုက်စွာဝယ်ယူအားပေးမှုနှင့်အတူ ဈေးကွက်အတွင်း အမည်သတင်းကောင်းဖြင့် ကျော်ကြားနေသော အမှတ်တံဆိပ်လည်းဖြစ်ပါသည်။

三 环
THREE CIRCLES

WIPO Application No. MM/T/2021/001149

ယခုအခါ မသမာသူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် မသမာသူ စီးပွားရေးလုပ်ငန်းများမှ ကျွန်ုပ်မိတ်ဆွေ၏ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို ထိပါးချိုးဖောက်၍ ၎င်းတို့၏ကုန်ပစ္စည်းအတုများအား **"Three Circles"** အမှတ်တံဆိပ်ဖြင့် ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို ထိပါးချိုးဖောက်၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် သုံးစွဲသူအများပြည်သူလယ်သမားများ၏ အကျိုးစီးပွားအားထိခိုက်စေရန် ထပ်တူ သို့မဟုတ် အလားတူပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအယောင်ပြုလုပ်ခြင်း၊ ပုံတူပုံမှားပြုလုပ်ပြီး သုံးစွဲသူများအား ထင်ယောင်ထင်မှားဖြစ်စေရန် စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ အသုံးပြု၍ဖော်ပြခြင်းနှင့် မည်သည့်ထုပ်ပိုးမှုပုံစံပေါ်တွင် ၎င်းကုန်အမှတ် တံဆိပ် ကို ရိုက်နှိပ်၍ ထုတ်ဝေဖြန့်ချိရောင်းချခြင်း၊ အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေသော ကုန်ပစ္စည်းများကို ထည့်သွင်းရောင်းချခြင်း စသည့်လုပ်ရပ်များကို တင်းကြပ်စွာ တားမြစ်ကန့်ကွက်ကြောင်းနှင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ ရပ်တန့်ရန် သတိပေးအကြောင်းကြားလိုက်သည်။

ထိုသို့သတိပေးတားမြစ်ချက်များကို လျစ်လျူရှု၍ ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွားအား ထိခိုက်စေသည့်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နေကြောင်း တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**Yunnan Yuntianhua Company Limited ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခိုင်သန္တာလွင်**
**အထက်တန်းရှေ့နေ (စဉ်-၅၁၈၂၃)**
**LL.B, DBL, M.A (Business Law)**
**အမှတ် (၃၀)၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Email: kailwin35@gmail.com**

# NOTICE OF PROHIBITION

My client, **YUNNAN YUNTIANHUA COMPANY LIMITED**, is the sole proprietor of the following trademark **"Three Circles"** and has been manufacturing, distributing, and selling fertilizing products and related products under the following trademark since 2003 to date, with registration documented at the Office of the Registration of Deeds in Yangon Region under the trademark registration number (6307/2003). My client, as the rightful owner of the trademark, has also initiated the process of re- registering the trademark with the Intellectual Property Department in accordance with the Trademark Law (2019).

My client, **Yunnan Yuntianhua Company Limited**, uses the following **"Three Circles"** trademark in manufacturing, distributing, and marketing chemical raw materials used in industry and scientific research, agrochemical and horticultural chemical raw materials, food preservatives, ammoniacal salts, ammonium salts, ammonia (volatile alkali), salts [chemical preparations], salts of alkaline metals; salts for industrial purposes, phosphorous, phosphates [fertilizers]. This trademark has a good reputation and brand preference in the market.

三 环
THREE CIRCLES

**WIPO Application No. MM/T/2021/001149**

Presently, unscrupulous individuals or businesses have been producing and distributing counterfeit products under the trademark "Three Circles" in the market, which has been infringing upon the Intellectual Property Rights of Trademark of my client.

Notice of prohibition is strictly given to the public and any concerned parties NOT to infringe upon the Intellectual Property Rights of the good standing Trademark **"Three Circles"** in any means of confusion, whether in identicality or in similarity, verbally or in written form by direct or indirect imitation, or any printing, advertising on the packaging materials, or conduct any kinds of activities which damage the company's interests and those of general public, particularly farmers. The prohibition takes effect from the date of this newspaper advertisement.

Notice is hereby issued that failures to comply with this Notice of Prohibition and any actions deemed harmful to the interests of my client, will result in legal actions in accordance with the existing laws of the Republic of the Union of Myanmar.

As duly authorized by:
Yunnan Yuntianhua Company Limited,
Daw Khaing Thanda Lwin
Higher Grade Pleader (No. 51823)
LL.B, DBL, M.A (Business Law)
No. (30), Padauk Street, Ward-6, Pazundaung Township, Yangon Region.
Email: kailwin35@gmail.com

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/9471 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အ.ထ.က ဇီးဖြူပင် Grade-11 SE(II)မှ မလွင်မာဌေး၏ ဖခင်အမည်မှန်မှာ ဦးသစ်လွင် ၈/စလန(နိုင်)၁၂၃၇၆၆ ဖြစ်ပါသည်။

**ဦးသစ်လွင်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနုနုဝေ (ဘ)ဦးညိုမင်း ၅/ယမပ(နိုင်)၁၄၄၅၂၄၏ ပတ်စ်ပို့စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၉၇၆၂၆၀၁၅၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၈၁၄၀၂ TUS Wego 110 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7453 Suzuki Carry DA63T, Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထူးရဲကျော်နိုင် ၁၂/သဃက(နိုင်)၁၅၉၁၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၃/ပဒေသာ)၊ ဦးပိုင်အမှတ် (၃၂၂၊ ၃၂၄)၊ မြေကွက်အမှတ် (322/324)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်ဘီနား ၉/မမန(နိုင်)၀၁၉၁၈၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8237 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

၁။ ဟသ်ာတမြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ကံလှရပ်၊ ဦးပိုင် အမှတ်(၄၅ᵃ)၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကအနက်မှ ၀ ဒသမ ၀၃၄ ဧကရှိ အောက်ဖော်ပြပါ အလား အလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ဦးပိုင်အမှတ်( ၄၅ᵃ)ကျန်မြေ |
| ( ခ ) အနောက်လားသော် | - | နတ်မော်လမ်း |
| ( ဂ ) တောင်လားသော် | - | ဦးပိုင်အမှတ်( ၄၄ᵐ) |
| ( ဃ ) မြောက်လားသော် | - | ဦးပိုင်အမှတ်( ၄၅ᵐ ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးဝင်းမင်းအောင်၊ ဒေါ်မေသူမြင့်တို့မှ လျှောက်ထားလာသည့် အတွက်ယင်း၏ အမည်ကို ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းများ နှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်၍ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/မြို့မရပ်)၊ ဦးပိုင်အမှတ်(၁၁၂)၊ မြေဧရိယာ ၀ ဒသမ ၁၀၁ဧကရှိ ဒေါ်အုန်းမေ အမည်ပေါက်ဘိုးဘပိုင် မြေကွက်အား ဦးလှမောင်လေး (ဘ)ဦးအောင်ညွှန့် ၉/လဝန(နိုင်)၀၃၃၅၆၃မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်(၁၃) ဟုခေါ် တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၃ x ၅၅)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းအေး ၆/ထဝန(နိုင်)၀၂၆၁၅၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မနုစိန် ၁၁/မတန(နိုင်)၀၀၀၄၇၉ က အပြီးပိုင်ဝယ်ယူရန် စရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ဦးရွှေလှဝင်း၊ (ဘ)ဦးထွန်းတင် ၁၂/တကန(နိုင်)၀၂၇၇၆၅ မှ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်စန်းတင့်(ဘ)ဦးစိုးနောင် ၁၃/ကမန(နိုင်)၀၆၉၃၇၅ ထံ ၂၄-၇-၂၀၁၂ ရက်တွင် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးခဲ့သော အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ် (၂၀၅၁/၂၀၁၂) အား ယနေ့ကြေညာပါသည့်ရက်မှ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရွှေလှဝင်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးညွှန့်သူ (LL.B)၊**
**တရားလွှတ်တော်ရှေ့နေ၊**
**(စဉ်-၁၆၀၀၆)၊**
**အမှတ်(၈၂)၊ ရွှေနံ့သာရပ်ကွက်၊**
**ဥတ္တရသီရိမြို့**
**ဖုန်း-၀၉-၇၉၃၂၄၁၆၁၁**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

၁။ ဟသ်ာတမြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ကံလှရပ်၊ ဦးပိုင်အမှတ်(၄၅ᵃ)၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကအနက်မှ ၀ ဒသမ ၀၇၄ ဧကရှိ အောက်ဖော်ပြပါ အလား အလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ဦးပိုင်အမှတ်(၅၀) |
| ( ခ ) အနောက်လားသော် | - | နတ်မော်လမ်း |
| ( ဂ ) တောင်လားသော် | - | ဦးပိုင်အမှတ်( ၄၄ᵐ) |
| ( ဃ ) မြောက်လားသော် | - | ဦးပိုင်အမှတ်( ၄၅ᵐ ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးဝင်းမင်းအောင်၊ ဒေါ်မေသူမြင့်တို့မှ လျှောက်ထားလာသည့်အတွက်ယင်း၏ အမည်ကို ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းများ နှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ဟသ်ာတမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စုနေ ဦးစိုးသန်း ၇/ပတန(နိုင်)၀၅၀၀၄၁နှင့် ဒေါ်စန်းမြင့် ၇/ပတန(နိုင်)၀၅၀၈၆၈ ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာမှု ပြုအပ်ပါသည်-

ဦးစိုးသန်း ၇/ပတန(နိုင်)၀၅၀၀၄၁ နှင့် ဒေါ်စန်းမြင့် ၇/ပတန(နိုင်)၀၅၀၈၆၈ တို့၏ နှစ်ပါးစုံ သမီးဖြစ်သူ ဒေါ်ဇွန်ဝေဖြိုး ၇/ပတန(နိုင်)၁၃၀၈၆၂ သည် မိဘများအား စိတ်ဆင်းရဲအနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး၊ ၎င်းဆန္ဒအရ နေအိမ်မှဆင်းသွားခဲ့သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိရှိစေရန် ကြေညာမှုပြုအပ်ပါသည်။

**ဦးစိုးသန်း ၇/ပတန(နိုင်)၀၅၀၀၄၁ နှင့်**
**ဒေါ်စန်းမြင့် ၇/ပတန(နိုင်)၀၅၀၈၆၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုရဲလွင် အထက်တန်းရှေ့နေ့(စဉ်-၄၅၆၁၂)**
**ဖုန်း-၀၉-၄၂၁၀၆၃၆၆၁**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၆၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၄-လွှာ (ခြေရင်းခန်း)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၅ x ၆၀)ပေရှိ တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်နန်းဝေလှိုင် ၁၂/ဒဂတ(နိုင်)၀၇၃၉၆၃ နှင့် ဒေါ်တင်တင်မြင့် ၁၂/တမန(နိုင်)၀၂၂၉၈၂ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်စန္ဒီအောင် ၁၁/စတန(နိုင်)၀၁၉၄၇၅ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## "အငြိမ်းစားမိဘပြည်သူများသို့ အသိပေးကြေညာချက်"

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e-Pension စနစ်မှ Centralized e-Pension စနစ်သို့ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလမှစ၍ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအထိ Centralized e-Pension စနစ် ဆောင်ရွက်နေသည့် ဘဏ်ခွဲပေါင်း(၆၄)ဘဏ်ရှိပြီဖြစ်ပါသည်။ အဆိုပါဘဏ်ခွဲများရှိ အငြိမ်းစားများအနေဖြင့် (၆၄)ဘဏ်အတွင်း မည်သည့်ဘဏ်ခွဲတွင်မဆို ပင်စင်လစာများကို e-Pension ကတ်များတစ်ဘဏ်မှ တစ်ဘဏ်သို့ ပြောင်းရွှေ့ရန်မလိုဘဲ ဝန်ဆောင်ခအခမဲ့ဖြင့် ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်းနှင့် ဝန်ဆောင်မှု ထပ်တိုးသည့် ဘဏ်ခွဲအမည်စာရင်းအား www.meb.gov.mm နှင့် Myanmar Economic Bank Facebook Page တို့တွင် အချိန်နှင့် တစ်ပြေးညီ တင်ပြပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ ပျဉ်းမနားဘဏ်ခွဲ | ၁၄။ ဘဏ်ခွဲ(၁)၊ ရန်ကုန် | ၂၇။ တာမွေဘဏ်ခွဲ | ၄၀။ ကျိုင်းတုံဘဏ်ခွဲ | ၅၃။ ဘဏ်ခွဲ(၁)၊ မော်လမြိုင် |
| ၂။ လယ်ဝေးဘဏ်ခွဲ | ၁၅။ ဘဏ်ခွဲ(၂)၊ ရန်ကုန် | ၂၈။ မြောက်ဥက္ကလာပဘဏ်ခွဲ | ၄၁။ တာချီလိတ်ဘဏ်ခွဲ | ၅၄။ ဘဏ်ခွဲ(၂)၊ မော်လမြိုင် |
| ၃။ တပ်ကုန်းဘဏ်ခွဲ | ၁၆။ ဘဏ်ခွဲ(၃)၊ ရန်ကုန် | ၂၉။ အင်းစိန်ဘဏ်ခွဲ | ၄၂။ လွိုင်လင်ဘဏ်ခွဲ | ၅၅။ သထုံဘဏ်ခွဲ |
| ၄။ ပုဗ္ဗသီရိဘဏ်ခွဲ | ၁၇။ ဘဏ်ခွဲ(၄)၊ ရန်ကုန် | ၃၀။ ပဲခူးဘဏ်ခွဲ | ၄၃။ လားရှိုးဘဏ်ခွဲ | ၅၆။ စစ်တွေဘဏ်ခွဲ |
| ၅။ ဘဏ်ခွဲ(၁)၊ မန္တလေး | ၁၈။ ဘဏ်ခွဲ(၅)၊ ရန်ကုန် | ၃၁။ တောင်ငူဘဏ်ခွဲ | ၄၄။ စစ်ကိုင်းဘဏ်ခွဲ | ၅၇။ သံတွဲဘဏ်ခွဲ |
| ၆။ ဘဏ်ခွဲ(၂)၊ မန္တလေး | ၁၉။ ဘဏ်ခွဲ(၆)၊ ရန်ကုန် | ၃၂။ သာယာဝတီဘဏ်ခွဲ | ၄၅။ မြောင်ဘဏ်ခွဲ | ၅၈။ ကျောက်ဖြူဘဏ်ခွဲ |
| ၇။ ဘဏ်ခွဲ(၃)၊ မန္တလေး | ၂၀။ ငွေစုဘဏ်ခွဲ(၁) | ၃၃။ ပြည်ဘဏ်ခွဲ | ၄၆။ ဘားအံဘဏ်ခွဲ | ၅၉။ မြိတ်ဘဏ်ခွဲ |
| ၈။ ညောင်ဦးဘဏ်ခွဲ | ၂၁။ ငွေစုဘဏ်ခွဲ(၃) | ၃၄။ ပုသိမ်ဘဏ်ခွဲ | ၄၇။ မြဝတီဘဏ်ခွဲ | ၆၀။ ထားဝယ်ဘဏ်ခွဲ |
| ၉။မိတ္ထီလာဘဏ်ခွဲ | ၂၂။ ငွေစုဘဏ်ခွဲ(၄) | ၃၅။ ဟင်္သာတဘဏ်ခွဲ | ၄၈။ ကော့ကရိတ်ဘဏ်ခွဲ | ၆၁။ ကော့သောင်းဘဏ်ခွဲ |
| ၁၀။ ပြင်ဦးလွင်ဘဏ်ခွဲ | ၂၃။ သန်လျင်ဘဏ်ခွဲ | ၃၆။ မြောင်းမြဘဏ်ခွဲ | ၄၉။ မကွေးဘဏ်ခွဲ | ၆၂။ဖာန်းမော်ဘဏ်ခွဲ |
| ၁၁။ မြင်းခြံဘဏ်ခွဲ | ၂၄။ ကြည့်မြင်တိုင်ဘဏ်ခွဲ | ၃၇။မအူပင်ဘဏ်ခွဲ | ၅၀။ သရက်ဘဏ်ခွဲ | ၆၃။ မုံရွာဘဏ်ခွဲ |
| ၁၂။ ကျောက်ဆည်ဘဏ်ခွဲ | ၂၅။ ကမာရွတ်ဘဏ်ခွဲ | ၃၈။ ဖျာပုံဘဏ်ခွဲ | ၅၁။ မင်းဘူးဘဏ်ခွဲ | ၆၄။ ရွှေဘိုဘဏ်ခွဲ |
| ၁၃။ ရမည်းသင်းဘဏ်ခွဲ | ၂၆။သင်္ဃန်းကျွန်းဘဏ်ခွဲ | ၃၉။ တောင်ကြီးဘဏ်ခွဲ | ၅၂။ ပခုက္ကူဘဏ်ခွဲ | |

**မြန်မာ့စီးပွားရေးဘဏ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ ကွင်းအမှတ် (၅၉၅-က/တရုတ်တန်းကွင်း)၊ ဦးပိုင် ၁၃၃ ခဲစင်းမြေကွက်ခြမ်း၊ ဧရိယာ ၀.၀၆ ဧက၊ တရုတ်တန်းလမ်းမပေါ်၊ ကွမ်းသီးတန်းလမ်းနှင့် မောင်းတန်းလမ်းကြားရှိ မြေကွက်အား ဒေါ်သီရိရွှေစင် ၉/အမရ(နိုင်)၀၉၅၁၇၃၊ ဒေါ်နှင်းရွှေစင် ၉/အမရ (နိုင်)၀၉၅၁၇၅ တို့က အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၂၀၂/၇၈၈)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်သန်းသန်းအေး၊ ၉/ပမန(နိုင်)၀၅၈၉၄၉ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးကျော်ကျော်ဇင် ၉/ကပတ (နိုင်)၀၃၀၄၄၁၊ ဒေါ်ဝါဝါအောင် ၉/ပမန(နိုင်)၀၀၆၃၇၉ တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်ရှိ ဘိုးဘွားပိုင်မြေနံပါတ်(၁၄)၊ အကွက်အမှတ်(၃၆)၏အနား(၄)ရပ်အတွင်းရှိ အိမ်ဝိုင်းခြံမြေနှင့် ၎င်းအပေါ်ရှိ အဆောက်အအုံ အခန်းနံပါတ်(၅)နှင့်(၆)မှာ ရမည်းသင်းမြို့၊ ရှမ်းဝိုင်းရပ်ကွက်နေ ဦးမျိုးမြင့် အမည်ဖြင့် ပိုင်ဆိုင်ကြောင်း မှန်ကန်ပါသည်။

ယခုအခါ ဦးမျိုးမြင့်သည် (၁-၉-၂၀၂၁)ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ဦးမျိုးမြင့်၏ အစ်မအကြီးဆုံးဖြစ်သူ ကျွန်မ ဒေါ်ခင်မျိုးချစ် ၉/ရမသ(နိုင်)၀၀၈၁၉၃ က မသိဘဲ ၎င်းဆိုင်ခန်း(၂)ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ရောင်းချ၊ ငှားရမ်း၊ ပေါင်နှံခြင်းများပြုလုပ်ခဲ့မည်ဆိုပါက သက်ဆိုင်ရာ ဥပဒေနှင့် အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးချစ် ၉/ရမသ(နိုင်) ၀၀၈၁၉၃**
**အုန်းပင်ရပ်ကွက်၊ ရမည်းသင်းမြို့။ ဖုန်း-၀၉-၉၆၃၀၅၀၅၆၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/94677, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမိုး ၁၄/ဝခမ(နိုင်)၁၄၆၄၄၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/13340, Honda PCX 150 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းစိုး ၁၄/အမန(နိုင်) ၀၉၂၂၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၄)၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(က/၂၅/၃၈၅)၊ မြေကွက်အမှတ်(ခ/၅၆၇)ဟုခေါ်တွင်သော ဂရန်အမှုတွဲအမှတ် ၁၇၅/V/၉၈-၉၉ အရ ဦးကျော်တင့် အမည်ပေါက် ဂရန်မြေဧရိယာ(၀ဒသမ ၀၄၆)ဧကရှိ မြေကွက်နှင့် ယင်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်တင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ဝေဝေသန်း (ဘ)ဦးမောင်ကလေး ၁၂/သလန(နိုင်)၀၇၃၅၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူ(ဘ)ဦးခင်မောင်မြင့် ၁၂/မဂတ(နိုင်)၀၈၆၄၆၅ က ပြန်လည်ဝယ်ယူရန်အတွက်၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၆၆၈)** | **(စဉ်-၁၈၇၂၆)** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/တောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ်(၂၁) (မြေညီထပ်/အေ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများ ဖြစ်ကြသော ဒေါ်ယုဇနေဖြူဝင်း (၁၂/ပဇတ(နိုင်)၀၂၈၅၂၂)၊ ဒေါ်ဝါဝါလွင် (၅/စကန(နိုင်)၀၂၉၆၅၄) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးမင်းဟိန်းကျော် (၁၂/ကမတ(နိုင်)၀၈၃၃၄၇) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B,L, D.IL)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆ / ၂ရပ်ကွက်၊ သုဒဿန(၂)လမ်း တိုက်အမှတ်(၁၁၂)၊(မြေညီ-ခြေရင်းခန်း-A)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၃ ½)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်၊ အကျယ်အဝန်း (၁၈ x ၅၅)ပေရှိ နေအိမ်တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စိုးသန္တာလှိုင် ၁၂/ဗတထ(နိုင်)၀၂၆၈၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းဖြိုး ၁၂/တမန(နိုင်)၁၁၀၄၄၈ မှ အပြီးအပြတ်ဝယ်ယူရန်အတွက် (၁၂-၁-၂၀၂၄)ရက်စွဲပါတိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချမ်းမြေ့ဦး (LL.B,D.B.L,D.M.L,D.I.L)** | **ဒေါ်စန္ဒာဦး B.A,H.G.P** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၄)** | **အထက်တန်းရှေ့နေ(စဉ်-၁၈၈၃၄)** |
| **ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊** | **ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊** |
| **အင်းစိန်။ ဖုန်း-၀၉-၂၆၂၄၅၈၃၉** | **အင်းစိန်။ ဖုန်း-၀၉-၂၅၄၇၈၀၀၈** |

# ရဟန်းဒါယကာကြီး
# ဦးသန်းမောင် (ဒိုက်ဦး)
# အသက် (၈၅)နှစ်

ဒိုက်ဦးမြို့နေ (ဦးလှမောင်-ဒေါ်သိန်းတင်)တို့၏ သား၊ ဖအောင်ဝဲကျေးရွာနေ (ဦးကြွက်နီ-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒိုက်ဦးမြို့အမှတ် (၅)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ ကိုတင်စိုး-မစမ်းစမ်းအောင်၊ မတင် တင်(ခေါ်)မဒေါင်း၊ (မကြူကြူဝင်း)၊ ကိုအောင်နိုင်-မခိုင်ဇာခြည်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်စိုးဝဏ္ဏ-မဆုမြတ်ပိုင်၊ မောင်ခန့်စိုးလတ်၊ မောင်ဘုန်းခန့်သော်၊ မောင်အားမာန်၊ မောင်ဇွဲမာန်၊ မထက်နဒီမောင် မြေး ၅ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုး ဦးသန်းမောင် အသက် (၈၅)နှစ်သည် ၁၆-၁-၂၀၂၄ရက် (အင်္ဂါနေ့)တွင် ၉၆ပါး သောရောဂါဖြင့် ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် ငြိမ်းချမ်းစွာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသည်။

ကျန်ရှိသော ရုပ်ကလာပ်ကို ၁၇-၁-၂၀၂၄ရက်၊ (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ(၁)နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ၂၂-၁-၂၀၂၄ရက် (တနင်္လာနေ့)၊ နံနက်(၈:၀၀)နာရီတွင် ဒိုက်ဦးမြို့ကမ်းနားလမ်းနေ ဦးသန်းမောင်၏ နေအိမ်၌ သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ ရေချမ်းနှင့် ဝတ္ထုအစုစုတို့ကို ဆပ်ကပ်လှူဒါန်းမည်ဖြစ်သောကြောင့် တရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကျေးဇူးတင်ရှိပါကြောင်း

ဒိုက်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကမ်းနားလမ်းနေ(ဒေါ်အေးမြင့်)၏ခင်ပွန်း ဦးသန်းမောင် အသက်(၈၅)နှစ် နေမကောင်းစဉ် အဘက်ဘက်မှ ကောင်းမွန်စွာကူညီကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များ၊ ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ ထန်းတော(အင်းစပ်)ရပ်ကွက်၊ နယ်မြေ(၁၅)တွင် နေထိုင်သော ကျွန်ုပ်မိတ်ဆွေ ဒေါ်နိုင်နိုင်ဝင်း (၅/မရန(နိုင်)၂၁၇၅၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်သည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်နိုင်နိုင်ဝင်း၏ချွေးမ မဝင်းနွဲ့ဖြိုးသည် ကျွန်ုပ်မိတ်ဆွေ လက်ရှိထားပိုင်ဆိုင်သော နေအိမ်ဝင်းမြေနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအချို့ကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချ/ပေါင်နှံပြီး ၎င်း၏မိဘဆွေမျိုးမောင်နှမများအား ထောက်ပံ့ပေးခဲ့ခြင်းများပြုလုပ်ခဲ့၍ အကြွေးများပေးဆပ်ရန်ရှိခဲ့ပြီး ထိုအကြွေးများကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နိုင်နိုင်ဝင်းမှပြေကြေအောင် ပေးဆပ်ခဲ့ရသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ချွေးမ မဝင်းနွဲ့ဖြိုးသည် ကျွန်ုပ်မိတ်ဆွေအား စိတ်ပြိုငြင်မှု၊ စိတ်ဆင်းရဲမှုများဖြစ်အောင် ပြုလုပ်ခဲ့ပါသည်။ နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေ၏ချွေးမ မဝင်းနွယ်ဖြိုးပြုလုပ်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေ လက်ရှိထားပိုင်ဆိုင်သော နေအိမ်ဝင်းမြေများအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား မဝင်းနွယ်ဖြိုးမှ အခြားသူတစ်ဦးဦးသို့ တစ်နည်းနည်းဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံပစ္စည်းအဖြစ် တင်သွင်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်းနှင့် လွှဲပြောင်းလက်ခံသူများအားလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နိုင်နိုင်ဝင်း** | **ဦးမျိုးကျော်အောင်(LL.B)(Advocate)** |
| **၅/မရန(နိုင်)၂၁၇၅၉၅** | **တရားလွှတ်တော်ရှေ့နေ** |
| **ထန်းတော(အင်းစပ်)ရပ်ကွက်၊** | **စဉ်-၁၆၈၂၃(၂၁-၁၂-၂၀၂၀)** |
| **မုံရွာမြို့။ ဖုန်း-၀၉-၂၁၁၀၁၂၃** | **ထန်းတော(အင်းစပ်)ရပ်ကွက်၊ မုံရွာမြို့။** |

## အမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ (၈/၅၆)နေ ကျွန်တော် ဦးဇော်မြင့်၏သား မောင်ထွန်းထွန်းဝင်း (၁၃/တခလ(နိုင်)၁၁၀၄၈၈) သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုလုပ်ဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မြင့် ၇/ပတန(နိုင်)၀၅၃၂၅၀**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်မ နော်စိန်ဖောမြ ၇/ကတခ(နိုင်)၀၃၄၉၈၃၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၈၂၈၆၆**

## ပတ်စ်ပို့ပျောက်

ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာအုပ်စု၊ ဒါးကကျေးရွာ၊ မြို့ကွက်ရပ်ကွက်၊ အိမ်အမှတ်(၉၁)နေ (ဘ)ဦးကိုဝင်း၏သား ဦးဇော်ဝင်းမောင် ၁၄/သပန(နိုင်) ၀၉၁၉၄၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၇၃၀၀၇၈၂**

## ပတ်စ်ပို့ပျောက်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ လှည်းဆိပ်ကျေးရွာနေ ကျွန်တော် စနေမျိုးမင်း ၁၄/ကပန (နိုင်) ၁၁၉၀၀၁၏ နိုင်ငံကူးလက်မှတ် (MC 471152)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၃၁၆၇၇၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ် ...**

❖ **ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီ ယာဉ်များအား ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်အား ရောက်ရှိယာဉ်အမှတ် အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များအား မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများတွင် (၁.၂.၂၀၂၄) ရက်နေ့မှ (၃၁.၇.၂၀၂၄)ရက်နေ့အထိ (၆)လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား www.motc.gov.mm , www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**



## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် VUC အသင်း ၁၀ ပွဲဆက်တိုက် အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၇

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယ အကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၀) ကို ဇန်နဝါရီ ၁၇ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း ၁၀ ပွဲ ဆက်တိုက်အနိုင်ရခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၅ ❍

## အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့် ပြန်ကန်ပွဲစဉ်များတွင် ဝုဖ်၊ လူတန်၊ နယူးပို့သ်၊ ဘာမင်ဂမ်တို့ နိုင်ပွဲရပြီး ဝက်စ်ဟမ်း ရှုံးနိမ့်

ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့် ပြန်ကန်ပွဲစဉ်များတွင် ဝုဖ်၊ လူတန်၊ နယူးပို့သ်၊ ဘာမင်ဂမ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဝက်စ်ဟမ်းအသင်း ရှုံးနိမ့်ခဲ့သည်။

ဝုဖ်နှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်မှာ ပရီမီယာလိဂ်အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ အချိန်ပိုတွင် မက်သီးယပ်စ်ကွန်ဟာ၏ ပယ်နယ်တီသွင်းဂိုးဖြင့် ဝုဖ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ပရီမီယာလိဂ်ကလပ် လူတန်အသင်းသည် လိဂ်ဝမ်းကလပ် စာမျက်နှာ ၁၄ ကော်လံ ၅ ●



ဝုဖ်ကစားသမား ကွန်ဟာ ဘရန့်ဖို့ဒ်အသင်းဘက်သို့ ပယ်နယ်တီဂိုးသွင်းယူစဉ်။


ယနေ့ သတင်း အညွှန်း

**ပေးဝေမျှကူ တိုင်းပဲခူး၏ အခမဲ့ဆေးကုသမှုအလှူ** ဆောင်းပါး စာ ၁၀

**ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲပြုလုပ်** ပြည်တွင်းသတင်း စာ ၁၂



**သီရိလင်္ကာနိုင်ငံ၌ လေထုအရည်အသွေးကျဆင်းမှုကြောင့် နှာခေါင်းစည်းတပ်ဆင်ကြရန် ပြည်သူများအား တိုက်တွန်းထား** နိုင်ငံတကာသတင်း စာ ၃၃